မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၇)၊ အမှတ် (၂၂၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ ပေးပို့လှူဒါန်းမှု မဆိုင်းမတွ လက်ခံ

မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သူများကသာ သတင်းမှန် ဖြစ်ရပ်မှန်ကို သိရှိခဲ့

နေပြည်တော် မေ ၁၇

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ ၁၇ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၁)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ် (၁)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၈ခုနှစ်၊ မေလ (၂)ရက်နှင့် (၃)ရက်နေ့များ၌ ပြင်းထန်သော နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် ဧရာဝတီတိုင်း ပင်လယ်ကမ်းခြေဒေသများတွင် အသက်အိုးအိမ်ဆုံးရှုံးမှု ကြီးမားစွာခံစားခဲ့ရပြီး ရန်ကုန်တိုင်းတွင်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစည်းအဝေးကို မေလ(၃)ရက်နေ့နံနက် (၈)နာရီခွဲတွင် နေပြည်တော်၌ ကျင်းပပြီးနောက် ဘေးဒုက္ခနှင့်ရင်ဆိုင်နေရသော ပြည်သူများကို အမျိုးသားအဆင့် အနီးကပ်ကယ်ဆယ်စောင့်ရှောက်ရန်အတွက် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကော်မတီဝင် ဝန်ကြီးများသည် လေဘေးသင့်ဒေသများသို့ ချက်ချင်းသွားရောက်ခဲ့ကြပါသည်။

၃။ နိုင်ငံတော်အနေဖြင့် ကနဦး မတည်ငွေ ကျပ်(၅)ဘီလီယံကို ချက်ချင်းခွင့်ပြုခဲ့ပြီး ယခုအထိ ကျပ် (၂၀)ဘီလီယံကျော် သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ၄င်းအပြင် ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၏ ပေးပို့လှူဒါန်းမှုများကိုလည်း မဆိုင်းမတွ လက်ခံခဲ့ရာ အောက်ပါအတိုင်းရရှိခဲ့ပါသည်-

(က) ပြည်တွင်းမှ လှူဒါန်းမှု (မေ ၁၆ရက်နေ့အထိ) ငွေကျပ် (၅ဒသမ၅၈၈)ဘီလီယံနှင့် ပစ္စည်းတန်ဖိုးငွေကျပ် (၁ဒသမ၇၉) ဘီလီယံ စုစုပေါင်းငွေကျပ် (၇ဒသမ၃၇၈) ဘီလီယံ။

(ခ) ပြည်ပမှ လှူဒါန်းမှု (မေ၁၆ရက်နေ့အထိ) အမေရိကန်ဒေါ်လာ (၁ဒသမ၆၂)သန်းနှင့် ကယ်ဆယ်ရေးပစ္စည်း (၂၀၉၆ဒသမ၇၁) တန်။

၄။ သို့သော် အချို့သော ပြည်ပသတင်းဌာနများက သတင်းမှားများကို ဖြန့်ချိခဲ့ကြသဖြင့် သတင်းမှန်မရရှိသော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းအချို့အနေဖြင့် နိုင်ငံတော်အစိုးရသည် လေဘေး ကယ်ဆယ်ရေးအကူအညီများကို ငြင်းပယ်ဟန့်တားလျက်ရှိသည်ဟု ထင်မြင်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သူများကသာ သတင်းမှန် ဖြစ်ရပ်မှန်ကို သိရှိခဲ့ကြပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများအနေဖြင့် နာဂစ်မုန်တိုင်းဒဏ်ခံရသော ဒုက္ခသည်များအတွက် အလှူငွေနှင့် ပစ္စည်းများကို ကျေးဇူးတင်စွာ လက်ခံရယူလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရက်စွဲ၊ ၁၇-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

စေတနာရှင်များပေးပို့လှူဒါန်းသောပစ္စည်းများ လေဘေးသင့်ပြည်သူများထံ အချိန်မီရောက်ရှိသုံးစွဲ အလှူရှင်များကို မျက်မြင်ကိုယ်တွေ့ပြသရန်ဖိတ်ခေါ်

နေပြည်တော် မေ ၁၇

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ ၁၇ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၂)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ် (၂)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြင်းထန်သော နာဂစ်မုန်တိုင်းဒဏ်ကို ခံစားရသဖြင့် ပြည်တွင်း၊ ပြည်ပစေတနာရှင်များက ကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများကို အချိန်နှင့်အမျှ ပေးပို့လှူဒါန်းလျက်ရှိကြပါသည်။

၂။ ထိုသို့ လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများကို နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က စာရင်းဇယားများဖြင့် စနစ်တကျလက်ခံပြီး ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီက သက်ဆိုင်ရာ လေဘေးသင့်ဒေသများသို့ အချိန်မဆိုင်း ဆက်လက်ပေးပို့ခဲ့ရာ ၂၀၀၈ခုနှစ်၊ မေလ (၁၆)ရက်နေ့အထိ အောက်ပါအတိုင်း ပေးပို့ပြီးဖြစ်ပါသည်-

(က) တပ်မတော်(လေ)မှ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် အစားအသောက်၊ ဆေးဝါး၊ ရေသန့်ဘူးများ၊ အဝတ်အထည်နှင့် မိုးကာတဲများ (၃၆၃ဒသမ၉၂၄)တန်။

(ခ) တပ်မတော်(ရေ)မှ သင်္ဘောများဖြင့် အစားအသောက်၊ ဆေးဝါး၊ အိမ်ဆောက်ပစ္စည်း၊ အဝတ်အထည်နှင့် မိုးကာတဲများ (၈၇၂ဒသမ၈)တန်။

(ဂ) တပ်မတော်မော်တော်ယာဉ်များဖြင့် အစားအသောက်၊ ဆေးဝါး၊ ရေသန့်ဘူးများ၊ အိမ်ဆောက် ပစ္စည်းများ၊ ရေသန့်စက်များ၊ အဝတ်အထည်နှင့် မိုးကာတဲများ (၁၄၇၁ဒသမ၅)တန်။

(ဃ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောများဖြင့် အစားအသောက်၊ ဆေးဝါး၊ အိမ်ဆောက်ပစ္စည်း၊ အဝတ်အထည်နှင့် မိုးကာတဲများ (၂၉၀၅ဒသမ၅)တန်။

(င) ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်း(၃၅)ဖွဲ့က ဒေသအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးပစ္စည်းများ နေ့စဉ်မော်တော်ယာဉ် အစီး (၅၀၀)ကျော်။

၃။ ဤကဲ့သို့ လေဘေးကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့ဖြန့်ဝေရာတွင် နေရာဒေသအနှံ့အပြားသို့ ရတ်ခြည်း ကွက်လပ်မကျန်ရောက်ရှိရန် ခက်ခဲသော်လည်း မလိုအပ်သော ကြန့်ကြာမှုများဖြစ်ပေါ်ခြင်း လုံးဝမရှိစေရေးအတွက် ရှေ့တန်းစခန်းများနှင့် အလယ်တန်းစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ပါ၍ ပြည်တွင်း၊ ပြည်ပစေတနာရှင်များက ပေးပို့လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများသည် လေဘေးသင့်ပြည်သူများထံ အချိန်မီရောက်ရှိသုံးစွဲလျက်ရှိပါကြောင်းနှင့် ထိုသို့ အကျိုးဖြစ်ထွန်းမှုကို မေလ (၁၄)ရက်နေ့မှ (၁၇)ရက်နေ့အထိ ပြည်ပဧည့်သည်တော်များ၊ ပြည်တွင်းအခြေစိုက်သံတမန်များ၊ INGO အဖွဲ့ဝင်များနှင့် ဥရောပသမဂ္ဂကော်မရှင်နာတို့ကို ပြသပြီးဖြစ်သည့်အပြင် ထပ်မံ၍ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်ပအလှူရှင်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များ၊ INGO နှင့် ပုဂ္ဂလိကအလှူရှင်များကို မျက်မြင်ကိုယ်တွေ့ပြသရန်လည်း ဖိတ်ခေါ်ထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရက်စွဲ၊ ၁၇-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၁၈ ရက်)

တည်ဆောက်ရေးလုပ်ငန်းများ ပြီးမြောက်ရေး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် လျှင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ကာ လူအများ အသက်ဆုံးရှုံးခဲ့ကြရသည်။

မြန်မာနိုင်ငံ၌လည်း မေလ၃ရက်နေ့က တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် ပြည်နယ်နှင့်တိုင်းအချို့ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ရသည်။

နိုင်ငံတော်အစိုးရက ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပ ထောက်ပံ့ကူညီမှုများဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက် ဖော်ဆောင်ပေးခဲ့သည်။ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ယာယီနေရာချထားရေး၊ စားဝတ်နေမှု ပံ့ပိုးပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အပိုင်းက ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ပိုမိုထိရောက် မြန်ဆန်လာပြီဖြစ်၍ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ မြို့ပြ၊ ကျေးရွာ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများက အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ပေးနိုင်ရေးအတွက် ဆေးရုံ၊ ဆေးခန်းများကို အမြန်ပြန်လည်တည်ဆောက်ကြရမည် ဖြစ်သကဲ့သို့ စာသင်ကျောင်းများ အချိန်မီ ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်အလိုက် ပျက်စီး နေသောကျောင်းများကိုလည်း စေတနာရှင်ကုမ္ပဏီများ၏ အကူအညီဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ကြရမည်ဖြစ်သည်။

ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအတွက် စားသောက်နေထိုင်ရေးကို အလျဉ်မပြတ် ပံ့ပိုးကူညီပေးလျက်ရှိသလို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆရာဝန်ကြီးများကိုယ်တိုင် ကွင်းဆင်းပြီး အနီးကပ် ပြုစုကုသပေးလျက်ရှိသည်။

လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်နေထိုင်မှု လုပ်ငန်းများကို ကူညီ ဖြည့်ဆည်းပေးလျက်ရှိရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ကုမ္ပဏီအဖွဲ့အစည်းများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောလျင်စွာ ပြီးမြောက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်နှင့် စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် လှိုင်သာယာမြို့နယ် (၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ် ၂/၁၂နေ ဦးသိန်းဖေ (မိုး/ဇလ၊ငြိမ်း)-ဒေါ်သန်းကြည်(စိတ်ကျန်းမာရေးဆေးရုံ၊ငြိမ်း)တို့က စောင်းတန်း အတွက် ငွေကျပ်၂၅၀၀၀နှင့် ကိုးလက်မ ပတ်လည် ရွှေသင်္ကန်း ငါးချပ်အတွက် ငွေကျပ်၇၅၀၀၀၊ နှစ်ရပ်ပေါင်း ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်းနှင့် ဦးအေးမြင့်တို့က လက်ခံယူသည်။ **(အောက်ပုံ)**

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၈-၅-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တိုက်စစ်မှူး**
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၈။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း -၆၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာအား**(အပိုင်း-၂၀)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကော့မှူးနှင့်ကွမ်းခြံကုန်းမြို့တွင် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၇

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် မေ ၁၅ရက် နံနက်ပိုင်းက Fortune Int'l Ltd.မှ အလှူရှင်ဦးမြဟန်နှင့်ဒေါ်စပယ်ကြည်တို့နှင့်အတူ ကော့မှူးနှင့်ကွမ်းခြံကုန်းမြို့တို့၌ ငွေကျပ် ၁၄၉သိန်းတန်ဖိုးရှိ အစားအသောက်၊ ဆေးဝါးနှင့် အဝတ်အထည်များကို ကယ်ဆယ်ရေး စခန်းများရှိ လေဘေးသင့်ပြည်သူများထံ တစ်ဦးချင်းပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့သို့ရောက်ရှိကာ ကယ်ဆယ်ရေးစခန်း တည်ဆောက်နေမှုကို စစ်ဆေးကြီးကြပ်ပြီး ကွမ်းခြံကုန်းမြို့ ပြည်သူ့ဆေးရုံအား သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်အားလိုင်းတိုင်များ အစားထိုးတပ်ဆင် လိုင်းဆွဲခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် မေ ၁၇

အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၅ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ကျင်းပသည့် ဝန်ကြီးဌာန (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်သည်။ မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် စမ်းချောင်းမြို့နယ် ဗဟိုလမ်း ကျွန်းတောရပ်ကွက်ရှိ ဆင်မလိုက်ဓာတ်အားခွဲရုံနှင့် MRTV ဓာတ်အားခွဲရုံချိတ်ဆက်သည့် (6.6KV)ဓာတ်အားလိုင်းတိုင် အသစ်အစားထိုး တည်ဆောက်မှုနှင့် ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းနှင့် လှိုင်သာယာ-ညောင်တုန်းလမ်းမတစ်လျှောက်၌ 33KV ဓာတ်အားလိုင်း တိုင်များ၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ရန်ကုန်-ပြည်ကားလမ်းမ တစ်လျှောက်ရှိ 33KV ဓာတ်အားလိုင်းတိုင်များကို စက်ယန္တရားများ အသုံးပြု၍ လျှပ်စစ် ကျွမ်းကျင်လုပ်သားများဖြင့် ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရန် ကုန် တိုင်း တောင်ဥက္ကလာပမြို့နယ် ၉ ရပ် ကွက် သူရလမ်းနေ အဘိုး ဦးဘိုစိုက်ပျိုးရေးဝန်၊ အဘွား ဒေါ်တင်မြင့်၊ဖခင် ဦးထွန်းတို့အား ရည်စူး၍ မြေး မသန်းသန်းမြင့် (ခ) မ ဖြူ ဖြူ က ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇-၄၀၄၀၂၁၊
	ဖုန်း-၀၆၇-၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉-၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

❐ *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့ဆိပ်ကမ်းသို့ သွားရောက်ကြပြီး ရေယာဉ်ဖြင့်ရောက်ရှိလာသည့် ဆောက်လုပ်ရေးပစ္စည်းများ အပါအဝင် ပြည်တွင်း၊ ပြည်ပမှ ဆက်လက်ပေးပို့ လှူဒါန်းကြသည့် ပစ္စည်းများ သယ်ချနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် လပွတ္တာမြို့မှ ဖျာပုံမြို့သို့ရောက်ရှိကြရာ ရှေးဦးစွာ ရဟတ်ယာဉ်ကွင်း၌ ဖျာပုံမြို့နယ် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်က ဖျာပုံမြို့ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရေးအတွက် ကြိုးပမ်း စီစဉ်ဆောင်ရွက်နေမှုများ၊ ကုမ္ပဏီများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့ ခရိုင်ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်ကြပြီး နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ ဆေးရုံများမှ ဆရာဝန်ကြီးများ၊ ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံနှုတ်ဆက်အားပေးပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆေးရုံကြီး ကိုလည်း လိုအပ်သည်များ ပြုပြင်မှုနှင့် ဖြည့်ဆည်းပေးနေမှုများ ဆောင်ရွက် ပေးပြီးဖြစ်ကြောင်း၊ ဆရာဝန် ဆရာမအင်အား ပြည့်စုံသကဲ့သို့ ဆေးဝါးများ လည်း အလုံအလောက်ရရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာဝန် ဆရာမများ အနေဖြင့် လူနာများ၏ ရောဂါပျောက်ကင်းသက်သာရေးအတွက် နိုင်နိုင်နင်းနင်း ကုသပေးကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ စေတနာရှင်များသည် ဆေးရုံ အတွက် လှူဒါန်းသည့်ပစ္စည်းများကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီသီဝင်းအား ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လူနာများအား လိုက်လံ ကြည့်ရှုအားပေးကြပြီး လှူဒါန်းထားသည့် ပစ္စည်းများကို ပေးအပ်သည်။

လပွတ္တာမြို့နှင့် ဖျာပုံမြို့တို့သို့ ရောက်ရှိစဉ် နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားရာ၌ လေမုန်တိုင်းဒဏ်ကြောင့် သဘာဝဘေး အန္တရာယ် ကြုံတွေ့ရသူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု မှာ ပြီးစီးသွားပြီဖြစ်ကြောင်း၊ စောင့်ရှောက်ပေးထားမှုမှာလည်း လုံလောက်စွာ ရှိနေပြီဖြစ်ကြောင်း၊ လေဘေးသင့်သူများအတွက် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ယခုအခါ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

စီစဉ်ဆောင်ရွက်

လေဘေး၊ ရေဘေးကြောင့် နီးစပ်ရာမြို့ အသီးသီးရှိ ကယ်ဆယ်ရေးစခန်း များ၌ ရောက်ရှိနေသူများအား ၎င်းတို့၏ ဆန္ဒများအရ နေရပ်များသို့ပြန်လိုက စနစ်တကျ ပြန်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း။

၎င်းတို့၏နေရပ်များသို့ ပြန်ကြရာတွင် နေစရာရရှိအောင်၊ အဝတ်အထည်၊ အိုးခွက်အသုံးအဆောင်နှင့် စားရိက္ခာတို့ ပြည့်ပြည့်စုံစုံပါရှိအောင် ဆောင်ရွက် ပေးရန်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာထပ်မံလိုအပ်ပါက နီးစပ်ရာစခန်းများ၌ ထုတ်ယူနိုင်ရန် စီမံထားမှုများကိုလည်း တာဝန်ရှိသူများက အသိပေးမှာကြား လိုက်ရန်ဖြစ်ကြောင်း။

လယ်ယာလုပ်ငန်း

မိုးရာသီသို့ စတင်ဝင်ရောက်စပြုနေပြီဖြစ်ရာ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနက ထွန်းစက် စခန်းများဖွင့်၍ ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်သွားရန် စီစဉ်ပေးမည်ဖြစ်ကြောင်း။

လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသူများ၊ ရေလုပ်ငန်းဖြင့်အသက်မွေး သူများအတွက်လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ ရရှိရေးအတွက်လည်း ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီခွဲတွင် တပ်မတော်ရဟတ် ယာဉ်ဖြင့် ဖျာပုံမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်အသီးသီး၌ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်သည်။ ကူညီစောင့်ရှောက်မှု လုပ်ငန်းများလည်း လုံလောက်စွာ ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

စဉ်ဆက်မပြတ်

လေဘေး၊ ရေဘေးသင့်သူ ပြည်သူများ၏ လိုအပ်ချက်များကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းကယ်ဆယ်ရေးစခန်းများကိုလည်း ဖွင့်လှစ်ထားရှိကာ တာဝန်ရှိသူများက လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်ရေးအနေဖြင့်လည်း မြို့ပေါ်များ၌ သာမက ရှေ့တန်းကယ်ဆယ် ရေးစခန်းများအထိပါ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းက စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

မွေးမြူရေး

ထို့ပြင် သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးသွားသည့် ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွားစသည့် တိရစ္ဆာန်များပြန်လည်မွေးမြူနိုင်ရေးအတွက်လည်း မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ထောက်ပံ့ရေးပစ္စည်းများလက်ရောက်ပေးအပ်

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာ ၈၄ရွာမှ ပြည်သူများ သက်ဆိုင်ရာကျေးရွာများ၌ ပြန်လည်တည်ဆောက်အခြေချနေထိုင်လျက်ရှိ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ အဆက်မပြတ်ထောက်ပံ့ပေးနေ

ရန်ကုန် မေ ၁၇

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့၌ လေဘေး၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိရာ မေ ၁၅ရက် နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြောက်ဥက္ကလာပ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်မျိုးထွန်းနှင့် ဒေါက်တာနေမျိုးဇော် ဦးစီးသော ကျန်းမာရေးအဖွဲ့များလိုက်ပါ၍ ပြည်တွင်း၊ ပြည်ပအလှူရှင်များက ထောက်ပံ့လှူဒါန်းခဲ့သည့် အစားအသောက်၊ အဝတ်အထည်များ၊ စောင်များ၊ မိုးကာစများ၊ မိုးကာတဲများ၊ ခြင်ထောင်များ၊ စည်သွတ်ဘူးများ၊ စားသုံးဆီများ၊ သွပ်၊ သံ၊ ဆန်နှင့် စက်သုံးဆီစုစုပေါင်း တန်၁၀၀ကျော်ခန့်ကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့် မင်းသန်းတိုး နှစ်ထပ်သင်္ဘောကြီးဖြင့် တင်ဆောင်ကာ ကျားဟုန်းကျေးရွာသို့ ရောက်ရှိသည်။

အကြိုဆောင်ရွက်

ကျားဟုန်း ကျေးရွာအုပ်စုရှိ ကျားဟုန်း၊ သဲဖြူ၊ တဲ့တဲ့ကူး၊ ပဒဲကော၊ ငြိမ်းဦး၊ သပြေချောင်း၊ ရွှေဘို၊ လမုတစ်ပင်၊ တောင်သလဲ ကျေးရွာများမှ လေဘေးသင့်ပြည်သူ ၂၀၀၀ခန့် အား ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ပန်းကန်၊ စားသောက်ဖွယ် ပစ္စည်းများ၊နိုင်ငံတကာမှလှူဒါန်းသည့် မိုးကာစ၊ ဟင်းရွက်ဆီ၊ (Shelter Box) ရွက်ဖျင်တဲအဖြူ၊ စောင်၊ စည်သွတ်ဘူး၊ ခြင်ထောင်၊ မိသားစု Kit ထုပ်များ၊ ကြက်ခြေနီအထုပ်များ၊ ဆေးစိမ်ခြင်ထောင်များအား ပြည်သူ များ လက်ဝယ်အရောက် ဝေငှပေးပြီး ကျားဟုန်း ကျေးရွာ ဘုန်းကြီးကျောင်း၌ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ သွပ်များ မိုးပေးခြင်း၊ အထူးကုဆရာဝန်ကြီးများ အဖွဲ့မှ ကျေးရွာ ယာယီဆေးခန်းတွင် အရေးကြီးလူနာများအား ဆေးဝါး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝန်ကြီးက ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာ လူကြီးများအားတွေ့ဆုံ၍ ထောက်ပံ့ ပစ္စည်းများဖြင့် အမိုးအကာများ အမြန် ဆောင်ရွက်ရေးနှင့်စိုက်ပျိုးရေးအတွက် လိုအပ်သည်များ ပြင်ဆင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့် မင်းသန်းတိုး နှစ်ထပ်သင်္ဘောကြီးဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာ ရွာသို့ ရောက်ရှိပြီး ကြက်ရှာကျေးရွာ အုပ်စုနှင့် အနီး ကျေးရွာများဖြစ်သော ကြက်ရှာ၊ အောင်သုခ၊ ခနိချောင်း၊ မာတသိမ်၊ ရေကျော်သိမ်၊ ကနစို ချောင်း၊ ကွမ်းချောင်း၊ ပေချောင်း၊ ညီနောင်လေး၊ညီနောင်ကြီး၊အောင်လှိုင်၊ ဂေါ်တူ၊ကနစိုလေး၊ မဏ္ဍပ်ချောင်းရွာ တို့မှလေဘေးသင့်ပြည်သူ၃၀၀၀ကျော် အား ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ် အထည်၊ ပန်းကန်၊ ဇလုံ၊ စားသောက် ဖွယ်များ၊ မုန့်များ၊ မိုးကာစများ၊ နိုင်ငံတကာမှလှူဒါန်းသည့် ပစ္စည်းများ အား ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့များက ပြည်သူများလက်ဝယ် အရောက် စနစ် တကျ ဖြန့်ဖြူးပေးသည်။

ယာယီအိမ်များဆောက်လုပ်

ထို့အပြင် အထူးကုဆရာဝန်ကြီး များအဖွဲ့မှလည်း မင်းသန်းတိုး နှစ်ထပ် သင်္ဘောကြီးပေါ်တွင် ယာယီဆေးခန်း ဖွင့်လှစ်ပြီး အရေးကြီးလူနာ ၁၅၀ အား ဆေးဝါးကုသပေးခြင်း ဆောင်ရွက် သည်။ ထို့အပြင် စည်ပင်သာယာ ရေး ဦးစီးဌာနမှဝန်ထမ်းများ၊ လူမှုရေး အဖွဲ့ဝင်များ ကြက်ရှာ ကျေးရွာ ဆေးပေးခန်းအား စုပေါင်း၍ သွပ်မိုး ပေးခြင်း၊ သောက်ရေကန်များ၊ ရေစုပ် သန့်ရှင်းခြင်းများကို ဆောင်ရွက်ခဲ့ကြ သည်။ ထို့နောက် ဝန်ကြီးသည် ကြက်ရှာကျေးရွာအုပ်စုနှင့်အနီးပတ်ဝန်း ကျင်ရှိ ကျေးရွာ ၁၆ရွာမှ ကျေးရွာ လူကြီးများအားတွေ့ဆုံ၍ ထုတ်ပေးခဲ့ သည့် မိုးကာ၊ တာပေါ်လင်၊ ပလတ် စတစ်စများဖြင့်အမိုးအကာများ အမြန် ဆောက်လုပ်ရေး၊ ဒေသထွက်ပစ္စည်း များဖြင့် ယာယီအိမ်များ ဆောက်လုပ် ရေးတို့ကို အသေးစိတ်မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျုံလမုကြီးကျေးရွာအုပ်စုသို့ ရောက်ရှိ ပြီး ကျုံလမုကြီးကျေးရွာ ပတ်ဝန်းကျင် ရှိ ကျုံလမုကြီး၊ ကျုံလမုလေး၊ စိုက်ပျိုး ချင်း၊ ပူတင်းချောင်းတို့မှ ကျေးလက် ပြည်သူ ၁၀၀၀ကျော်အား တွေ့ဆုံ၍ စားသောက်ဖွယ်များ၊ ဆန်၊ အဝတ် အထည်များ၊ မိုးကာစများအား ဝန်ကြီး နှင့်တာဝန်ရှိသူများက လေဘေးသင့် ပြည်သူများလက် အရောက် ဝေငှပေး ပြီး အထူးကုဆရာဝန်ကြီးများ အဖွဲ့မှ လည်း မင်းသန်းတိုး နှစ်ထပ်သင်္ဘော ကြီးပေါ်တွင် ယာယီဆေးခန်း ဖွင့်လှစ် ကုသပေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြင်းကကုန်း မြစ်ရိုးတစ်လျှောက်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်ကျေးလက် များ ပြန်လည် တည်ဆောက်နေထိုင်မှု ကို ရေယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး သည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးသင့်ကျေးရွာ ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၈၄ရွာမှ ကျေးလက် ပြည်သူ ၃၃၂၈၅ဦးတို့သည် သက် ဆိုင်ရာ ကျေးရွာများသို့ ပြန်လည် ရောက်ရှိပြီး အမိုးအကာများ တည် ဆောက်ခြင်း၊ ယာယီတဲများ ပြုလုပ် ခြင်း၊ နိုင်ငံတကာမှ ထောက်ပံ့ပေး သည့် မိုးကာတဲ၊ ရွက်ဖျင်တဲ၊ တာပေါ် လင်၊ ပလတ်စတစ်စများဖြင့် တဲထိုး၍ ပြန်လည် အခြေချနေထိုင်လျက် ရှိကြ ပြီး မော်လမြိုင်ကျွန်းမြို့နယ် သဘာဝ ဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ဆန်နှင့် စားသောက်ဖွယ်ရာများအား အဆက်မပြတ် ထောက်ပံ့ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ဦးဆောင်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံ အခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက် နိုင်ငံခြားသံရုံးများမှသံတမန်များ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများပါဝင်သော အဖွဲ့(၁)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက်ဧနာရီတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျံုဒါးကျေးရွာ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း မုန်တိုင်းကျရောက်ခဲ့မှု အခြေအနေများနှင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ဗဟို ကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ကိုယ်တိုင် ကွင်းဆင်း၍ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်းရှိ ကွပ်ကဲမှုရုံး၊ ဆိုလာဓာတ်အားပေးစနစ်တပ်ဆင်ထားမှု၊ ရွက်ဖျင်တဲများတွင် လေဘေးသင့် မိသားစုများအား စနစ်တကျ နေရာချထားမှုနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးထားမှု၊ မီးစက်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးမှု၊ ဆေးပေးခန်း၊ ရေသန့်စင်စက်နှင့် အဝီစိတွင်းများဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးထားမှု၊ ထမင်းစားဆောင်၊ မီးဖိုချောင်နှင့် သန့်စင်ခန်းများ သန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ပေးထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပံ့ပိုးဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဒေးဒရဲမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ကယ်ဆယ်ရေးကွပ်ကဲမှုရုံး၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဒေးဒရဲမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနေကိုယ်စားလှယ်များ၊ သံတမန်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများသာမက ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဦးစားပေးအဆင့်အလိုက် စီမံဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် ဒေးဒရဲတံတား အနီးရှိ ကယ်ဆယ်ရေးစခန်း၌ ရွက်ဖျင်တဲများတွင် မိသားစုအလိုက် စနစ်တကျ နေရာချထားပေးမှု၊ မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှု၊ သောက်သုံးရေရရှိရေး စီစဉ်ထားမှု၊ ထောက်ပံ့ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး မြို့နယ်အားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်း၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်း၌ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံ တပ်မှူး ဗိုလ်မှူးချုပ်တင်မောင်အေး ခေါင်းဆောင်သော အဖွဲ့က ဆေးဝါးကုသပေးနေမှု၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသန်းနိုင်ဦးနှင့် တာဝန်ရှိသူများက လေဘေးသင့် မိသားစုများအား ရွက်ဖျင်တဲများတွင် စနစ်တကျ နေရာချထားမှုများ၊ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးထားမှုများနှင့် သောက်သုံးရေရရှိရေး စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

လက်ရောက်ပေးအပ်

ထို့နောက် ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကွပ်ကဲမှုရုံး၌ ပြည်တွင်းပြည်ပမှပေးပို့ထားသော ကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ဝေပေးရန် စနစ်တကျ စုစည်းထားရှိမှုများကို သွားရောက်ကြည့်ရှုကြပြီး သံတမန်အဖွဲ့ဝင်များ၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်းများကို ပြည်သူများထံ လက်ရောက်ဖြန့်ဝေပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှု

ထို့အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ဦးဆောင်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံ အခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ပါဝင်သော အဖွဲ့(၂)သည် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ဧနာရီ ၁၅မိနစ်တွင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ မော်တော်ယာဉ်များဖြင့် ဖျာပုံမြို့အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်း အမှတ်(၁)၌ မီးစက်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှု၊ တယ်လီဖုန်းများ ဆက်သွယ်နိုင်မှု၊ ဆေးပေးခန်း၊ ဆေးသိုလှောင်ရုံ၊ ထမင်းစားဆောင်၊ မီးဖိုချောင်၊ သန့်စင်ခန်းများနှင့် ရေသန့်ရရှိနိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြန်လည်ထူထောင်ရေး

ထို့နောက် ကယ်ဆယ်ရေးစခန်း အမှတ်(၁)၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က သံတမန်အဖွဲ့ဝင်များအား မုန်တိုင်းဒဏ်ကြောင့် ဖျာပုံမြို့နယ်၏ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနေကိုယ်စားလှယ်များ၊ သံတမန်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများသာမက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးနေမှုတို့ကိုလည်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဘိုကလေးမြို့သို့ ရောက်ရှိလာကြရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ညှော့ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက မုန်တိုင်းဒဏ်ကြောင့် ဘိုကလေးမြို့နယ်၏ ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်း

ယင်းနောက် ဌာနေကိုယ်စားလှယ်များ၊ သံတမန်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီး ဦးစိုးသာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ်ပြည်သူ့ဆေးရုံတွင် လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ရေသန့်စင်စက်များ တပ်ဆင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုလေ့လာကြပြီး ဘိုကလေးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ မိသားစုအလိုက် စနစ်တကျ နေရာချထားပေးမှု၊ သောက်သုံးရေရရှိရေး စီမံထားမှုနှင့် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ်အတွင်းရှိ ရွှေ့တန်းကယ်ဆယ်ရေးစခန်းတစ်ခုဖြစ်သည့် စက်ဆန်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းရှိ ကွပ်ကဲမှုရုံး၊ လေဘေးသင့် မိသားစုများအား အိမ်ထောင်စုအလိုက် နေရာချထားပေးမှု၊ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးထားမှု၊ မီးစက်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှု၊ဆေးပေးခန်းနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးထားမှု အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး စက်ဆန်းကျေးရွာရှိ ကယ်ဆယ်ရေးစခန်းမှ တပ်မတော် ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မအူပင်မြို့

အလားတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ဦးဆောင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံ အခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသည့် ပြည်ပ အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ECHO နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများပါဝင်သော အဖွဲ့(၃)သည် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၇ နာရီ ၄၅မိနစ်တွင် ဧရာဝတီတိုင်း မအူပင်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညှော့ရိပ်သာ၌ ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်းက မအူပင်ခရိုင်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံ အခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ဒေးဒရဲမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းတွင် ရွက်ဖျင်တဲများဖြင့် မိသားစုအလိုက် စနစ်တကျ နေရာချထားပေးမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သံတမန်အဖွဲ့ဝင်များသည် မအူပင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား နေရာချထားမှု၊ သောက်သုံးရေရရှိရေးဆောင်ရွက်ထားမှုနှင့် ချက်ပြုတ် ကျွေးမွေးနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် မအူပင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ထောက်ပံ့ရေးပစ္စည်းများ စနစ်တကျ စုစည်းထားရှိမှုနှင့် ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးကြပြီး ချက်ပြုတ်ကျွေးမွေးနေထိုင်မှုများကို ကြည့်ရှုလေ့လာကြသည်။

မော်လမြိုင်ကျွန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သံတမန်အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နယ်မြေခံတပ်ရင်းမှူးရုံး၌ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းက မော်လမြိုင်ကျွန်း မြို့နယ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းပြောကြားရာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တို့က ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သံတမန်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားကြသည်။

ကယ်ဆယ်ရေးပစ္စည်းများ

ဆက်လက်၍ ဝန်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့၏ ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သင်္ဘောလုပ်ငန်းရှင်များ ဆိပ်ခံဖောတံတားသို့ ရောက်ရှိကာ ရန်ကုန်မြို့မှ ရတနာကြည် နှစ်ထပ်သင်္ဘောဖြင့် သယ်ဆောင်လာသော ကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဝန်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံကာ ကျောင်း၏ ပျက်စီးမှု အခြေအနေများကို မေးမြန်းကြ၍ မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်ကုသပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြုပြင်တည်ဆောက်

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သံတမန်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့သို့ ရောက်ရှိကြရာ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်လင်းထွန်းတို့က ကြိုဆိုကြပြီး ဘုရင့်နောင် ရိပ်သာ၌ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကယ်ဆယ်ရေးစခန်းများတွင် လေဘေးသင့် ပြည်သူများအား နေရာချထားပေးမှု၊ တယ်လီဖုန်းများ တပ်ဆင်ပေးထားမှုနှင့် ဆေးရုံပြုပြင် တည်ဆောက်ထားမှုတို့ကို ရှင်းလင်းပြောကြား၍ သံတမန်အဖွဲ့ဝင်များ၏ သိရှိလိုသည်များကို ဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဝန်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကြပြီး ပြင်ပလူနာဌာနနှင့် ဖျားနာဆောင်တို့ကို ကြည့်ရှုလေ့လာကြရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကူးစက်)ဦးစိုးလွင်ငြိမ်းက လူနာများအား ဆေးဝါးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

သယ်ယူပို့ဆောင်

ယင်းနောက် ဝန်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များသည် လပွတ္တာမြို့ ဧရာဝတီ ဆိပ်ခံဖောတံတားသို့ ရောက်ရှိကြပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မေခ နှစ်ထပ်သင်္ဘောဖြင့် ရန်ကုန်မြို့မှ သယ်ဆောင်လာသော ကယ်ဆယ်ရေးပစ္စည်းများကို လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာများသို့ လှေ၊ သမ္ဗန်များဖြင့် ချက်ချင်းသယ်ယူ ပို့ဆောင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များသည် ရတနာဒီပ အားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများ ရွက်ဖျင်တဲများဖြင့် နေထိုင်စားသောက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဝန်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ မိနစ် ၂၀တွင် ပုသိမ်မြို့မှ လပွတ္တာမြို့သို့ ရောက်ရှိလာသော အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်ပြုပြင်

ယင်းနောက် ဝန်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ စာသင်ဆောင် ရှစ်ဆောင်တို့အား အမိုးများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သံတမန်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သံတမန်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လှိုင်းဘုန်းကျေးရွာမှ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းခရီးဖြင့် အဆက်မပြတ်ရောက်ရှိ

ရန်ကုန် မေ ၁၇

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေး ပစ္စည်းများနေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိသည်။ မေ ၆ရက်မှစ၍ မေ ၁၆ ရက်အထိ ပြည်ပနိုင်ငံများမှ အလှူရှင်များက လှူဒါန်းပေးပို့လျက်ရှိရာအဆိုပါ လှူဒါန်းထားသောပစ္စည်းများအား ခရီးသည်လေကြောင်းလိုင်း ရှစ်လိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လေယာဉ်ခေါက်ရေ ၃၆ ခေါက်ဖြင့် သယ်ယူပေးပို့ခဲ့ပြီးဖြစ်သည်။ ရက်အလိုက်သယ်ယူပေးပို့ခဲ့သည့် လေကြောင်းလိုင်း၊ လေယာဉ်အမျိုးအစား၊ ကုန်ပစ္စည်းအမျိုးအစားနှင့် ကုန်တန်ချိန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	လေကြောင်းလိုင်း	ရက်စွဲ	လေယာဉ်အမျိုးအစား	ကုန်ပစ္စည်းအမျိုးအစား	ကုန်တန်ချိန်
၁	ထိုင်းလေကြောင်း (T.G)	၇-၅-၂၀၀၈	A 300-600	မီးစက်၊မိုးကာတဲ၊မီးကြိုးခွေ	၁၂.၈၂
		၇-၅-၂၀၀၈	။	မိုးကာတဲ	၁၁.၃၈
		၈-၅-၂၀၀၈	။	မိုးကာတဲ	၅.၆
		၁၀-၅-၂၀၀၈	။	ကယ်ဆယ်ရေးပစ္စည်း၊ဘီစကွတ်	၁၀
		၁၀-၅-၂၀၀၈	။	ဆက်သွယ်ရေးစက်၊အင်တင်နာ	၀.၄
		၁၁-၅-၂၀၀၈	။	မိုးကာတဲ	၆
		၁၂-၅-၂၀၀၈	။	စားသောက်ကုန်၊လူသုံးကုန်၊ဆေးဝါး မျက်နှာသုတ်ပဝါ၊သွားတိုက်ဆေး/တံ၊ ရေသန့်၊ဆေးပြား/စက်၊ဆေးဝါးများ	၈
		၁၃-၅-၂၀၀၈	။	မီးဖိုချောင်သုံးပစ္စည်း	၄
		၁၃-၅-၂၀၀၈	။	မီးဖိုချောင်သုံးပစ္စည်း	၂.၄
		၁၄-၅-၂၀၀၈	။	အသက်ကယ် ထောက်ပံ့ရေးပစ္စည်း	၃.၄
		၁၅-၅-၂၀၀၈	။	ဆေးမျိုးစုံ	၁.၅၂
		၁၆-၅-၂၀၀၈	။	အိုးခွက်၊ပန်းကန်၊လူသုံးကုန်	၉.၁
၂	ထိုင်းအဲအေးရှား	၁၅-၅-၂၀၀၈	B-737	ရေပုံး၊ အဝတ်အထည်၊စောင် စတီးချိုင့်	၁.၂
		၁၆-၅-၂၀၀၈	။	မိုးကာ၊ပလတ်စတစ်ပုံး	၂၃
၃	ဗန်ကောက်အဲဝေးစ်	၉-၅-၂၀၀၈	A-320	စည်သွတ်ဘူး၊အစားအစာဘူး	၂.၀၉
		၁၁-၅-၂၀၀၈	။	Drip ပုလင်း	၃.၆
		၁၃-၅-၂၀၀၈	။	ဆေးဝါးမျိုးစုံ	၁.၄၅
		၁၄-၅-၂၀၀၈	။	ဆေးပစ္စည်းမျိုးစုံ	၇.၈
၄	စင်ကာပူလေကြောင်း (Silk Airline)	၇-၅-၂၀၀၈	A-319	ဆေးမျိုးစုံ	၁.၃
		၉-၅-၂၀၀၈	A-320	ချောကလက်၊ဘီစကွတ်၊ခြင်ထောင်	၃.၂
		၁၀-၅-၂၀၀၈	A-320	ရွက်ဖျင်တဲ၊စောင်၊ဘီစကွတ်	၂.၄
		၁၀-၅-၂၀၀၈	A-320	(၆)ဦးဆံ့ရွက်ဖျင်တဲ၊မြေခင်း	၂.၉
		၁၁-၅-၂၀၀၈	A-320	စားသောက်ကုန်	၃
		၁၃-၅-၂၀၀၈	A-320	အိမ်သုံးပစ္စည်းများ	၀.၆
		၁၃-၅-၂၀၀၈	A-320	ရွက်ဖျင်တဲ	၂.၈
		၁၄-၅-၂၀၀၈	A-320	ကယ်ဆယ်ရေးပစ္စည်းများ	၃.၂၆
		၁၅-၅-၂၀၀၈	MI-518	စောင်၊မြေခင်း၊ရေသန့်၊ အစားအစာ	၂.၂၃
		၁၆-၅-၂၀၀၈	MI-518	အိပ်ရာလိပ်၊ ကယ်ဆယ်ရေးပစ္စည်း	၂.၃၉
၅	မလေးရှားလေကြောင်း (Malaysia Airline)	၉-၅-၂၀၀၈	B-737-400	ဆေးပစ္စည်းမျိုးစုံ	၀.၃၈
		၁၄-၅-၂၀၀၈	B-737	ဆေးပစ္စည်းမျိုးစုံ	၂.၈
၆	အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း	၁၄-၅-၂၀၀၈	MD-82	အဝတ်အထည်နှင့် လူ့အသုံးအဆောင်	၁၂.၃
		၁၆-၅-၂၀၀၈	။	အသက်ကယ်ပစ္စည်း	၉.၃၈
၇	Jet Star လေကြောင်း	၉-၅-၂၀၀၈	A-320	ဆေးပစ္စည်းမျိုးစုံ၊ဂြိုဟ်တုဖုန်း	၀.၃
		၁၆-၅-၂၀၀၈	B-727	ဆေးဝါးပစ္စည်း	၁.၅
၈	Mandarin လေကြောင်း	၈-၅-၂၀၀၈	B-737	ဘီစကွတ်၊ခေါက်ဆွဲခြောက်၊ရေသန့်	၃
		၁၅-၅-၂၀၀၈	B-737	ဆေးဝါးပစ္စည်းမျိုးစုံ	၂.၁၃

(ဆက်လက်ဖော်ပြပါမည်)

လေဘေးသင့်သံဃာတော်များအတွက် သင်္ကန်းများလှူဒါန်း

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လေဘေးသင့် သံဃာတော်များအတွက် လှူဒါန်းသော ငွေကျပ် ၄၆၆၅၀၀တန်ဖိုးရှိ သင်္ကန်းအစုံ ၅၀ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်**(အပေါ်ပုံ)**က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၇

လေဘေးသင့်ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လေဘေးသင့်ဘုန်းတော်ကြီးများအတွက် တန်ဖိုးငွေကျပ် ၄၆၆၅၀၀ရှိ သင်္ကန်းအစုံ ၅၀၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကိုကိုနိုင်-ဒေါ်စုစုကြည်က ငွေကျပ် ၃၃၀၀၀၀တန်ဖိုးရှိ ဝွမ်းစောင် အထည် ၁၀၀၊ ဒေါက်တာဇော်ရဲ-ဒေါ်ပန်းအိခိုင် သမီးမယုယမိသားစုက ငွေကျပ်၁၅ သိန်း တန်ဖိုးခန့်ရှိ သီလရှင်ဝတ်စုံ ၁၃၄ ထည်နှင့်အနွေးထည် ၁၀၀၊ကွယ်လွန်သူ မိခင်ကြီးဒေါ်မြသင်းအားရည်စူး၍ ဗိုလ်ကြီး ကျော်ကျော်ဦး (ငြိမ်း)-သီရိသုမေ္ဘသီဂီ ဒေါ်သန်းသန်းစိန်၊ သားမောင်သူရဦး၊ မောင်ကျော်ရဲဟိန်းမိသားစုက ငွေကျပ် ၂၈သိန်း ၈သောင်းတန်ဖိုးရှိဆန်အိတ် ၁၆၀၊ ဦးထွန်းလင်း-ဒေါ်ရင်ရင်စိုး PMG Co.,Ltd.က ငွေကျပ် ၂၀၆သိန်းတန်ဖိုးရှိ ခြံစောင်တစ်သောင်းနှင့် သောက်ရေသန့်ဘူး ၃၀၀၀၊ အလှူရှင်ဦးရန်ကျော်၊ ဒေါ်မိုးစန္ဒာမျိုးဦး၊ ဒေါ်မိုးမြင့်သူ Universal Navigation Pte.,Ltd.(UNPL)တို့က လူမှုဝန်ထမ်းသင်တန်းကျောင်းများအတွက် ငွေကျပ်၁၂သိန်းတန်ဖိုးရှိ သွပ်အချပ် ၂၀၀၊ လေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀တန်ဖိုးရှိ ရွက်ဖျင်တဲ ၂၀၀၊ ရေသန့်ဆေးပြားများ၊ ဓာတ်ဆားများကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် အလှူရှင်များက အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၇

မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအားဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) က မုန်တိုင်းဒဏ်သင့်ဒေသမှ ပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသောအလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

အဆိုပါ အလှူရှင်များမှာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်း၍ ကျောက်စိမ်းတူးဖော်နေသော ကုမ္ပဏီများ၏ ပထမအကြိမ် စုပေါင်း လှူဒါန်းငွေ ကျပ်သိန်း ၅၀၀၊ ဦးခင်ဇော်နှင့်ဒေါ်တင်တင်ဝေက ငွေကျပ်တစ်သိန်း၊ ဒေါ်တင်လှမိသားစုက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီးကျော်ဆန်းနှင့် ဒေါ်တင်တင်လွင် နေပြည်တော်က ငွေကျပ် တစ်သိန်း၊ စွမ်းထက်အောင်၊ ခိုင်သန္တာ၊ ခိုင်ရတနာဦးတို့က ငွေကျပ်သုံးသိန်း၊ အောင်ခင်ညွန့်၊ အောင်ခင်ဝင်း၊ လင်းဖြိုးသူတို့က ငွေကျပ်သုံးသိန်း၊ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ငွေကျပ် ၂၁သိန်း၊ အလုပ်သမားဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ဗိုလ်မှူးမိုးကျော်နှင့် ဒေါက်တာသန်းသန်းထိုက်က ငွေကျပ် တစ်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဒေါ်မေကြည်စိန် မိသားစုက ငွေကျပ်သုံးသိန်း၊ ကိုသောင်းနေဦး ကျောက်ဆည်မြို့က ငွေကျပ် ငါးသိန်း၊ ဒေါက်တာအေးမြင့် ညွှန်/ချုပ်၊ မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသနဦးစီးဌာနက ငွေကျပ် တစ်သိန်း၊ ဦးသူရစောက ငွေကျပ် နှစ်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ ဒေါက်တာပိုင်စိုးနှင့် ဒေါ်ခင်မာဆွေမိသားစုက ငွေကျပ် နှစ်သိန်း၊ မိခင်ဒေါ်အမာနီအားအမှူးထား၍ ဦးကျော့ရှင်းနှင့် ညီအစ်ကို မောင်နှမများက ငွေကျပ်ငါးသိန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဒေါ်ခင်ဌေးမြင့် သား၊ သမီး၊ မြေး မိသား တစ်စုက ငွေကျပ် သိန်း၂၀၊ လွင်ပညာရိပ်မွန် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ငွေကျပ် ၁၁၁၀၀၀၊ ဦးခင်မောင်ဇော်နှင့် ဒေါ်လဲ့လဲ့အောင် (Good Top) ဆောက်လုပ်ရေးမိသားစုက ငွေကျပ် နှစ်သိန်း၊ Shieng Shung Machine Tool Co., Ltd.က FEC ၂၀၀၀၊ ဦးသူရစောက အမေရိကန်ဒေါ်လာ ၇၀၀၊ စေတနာရှင် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများက မြန်မာသံရုံး၊ စင်ကာပူမြို့မှတစ်ဆင့်လှူဒါန်းငွေ စင်ကာပူဒေါ်လာ ၄၄၀၀၊ စေတနာရှင်နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများက မြန်မာသံရုံး ကိုင်ရိုမြို့မှတစ်ဆင့် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀၀နှင့်ယူရိုငွေ၅၀၀၊ စေတနာရှင်နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကူမင်းမြို့မှတစ်ဆင့် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၈၄၂ ဒေါ်လာ၊ စေတနာရှင်နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများမှ မြန်မာသံရုံး ဗီယင်ကျန်းမြို့မှတစ်ဆင့် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၈၈၇၈ ဒေါ်လာတို့ဖြစ်ကြောင်း သိရသည်။

အလှူငွေ

ယနေ့တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ်၅၈၂၃သမ၁၁ သိန်း၊ အမေရိကန် ဒေါ်လာ ၁၀၅၂၀၊ စင်ကာပူဒေါ်လာ ၄၄၀၀၊ ယူရိုငွေ ၅၀၀ နှင့် FEC ၂၀၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ် ကင်းစင် အလုပ်ဆင်

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၇

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိကြရာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှယာယီဆေးခန်းငါးလုံး၊ လှေငါးစင်း၊ မီးစက်လေးလုံး၊ ပစ္စည်းတင်စင် ၅၅ခု၊ အသက်ကယ်အင်္ကျီများ၊ မီးသတ်ဆေးဘူးနှင့် အိမ်ဆောက် ပစ္စည်းများ စုစုပေါင်း ၃၈တန်ကျော်သည် AN-12 လေယာဉ် နှစ်စင်းဖြင့် ယနေ့ နံနက် ၁နာရီ ၁၀မိနစ်နှင့်မွန်းလွဲ ၂နာရီ ၁၅မိနစ်တို့တွင်လည်းကောင်း၊ JICAမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းမျိုးစုံ ၁၁တန်ကျော်သည် AN-12လေယာဉ်ဖြင့် နံနက် ၇နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ကျန်းမာရေးသုံးပစ္စည်းမျိုးစုံ ပါကင် ၁၄၄၀၊ ပလတ်စတစ်စများ၊ ရေသန့်ဘူးများ၊ စောင်နှင့်ပဲနို့ရည် စုစုပေါင်း တန် ၅၀ကျော်သည် C-130 လေယာဉ် လေးစင်းဖြင့် နံနက် ၈နာရီ မိနစ် ၅၀၊ နံနက် ၉နာရီ ၄၅မိနစ်၊ နံနက် ၁၀နာရီ မိနစ် ၂၀နှင့် ညနေ ၃နာရီ ၁၀မိနစ်တို့တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ INGO အဖွဲ့တစ်ဖွဲ့ ဖြစ်သော Department for International Development မှ လှူဒါန်းသော လှေ ၁၄စင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ရေစည်များ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ပလတ်စတစ် အခင်းများ စုစုပေါင်း ၈၂တန်သည် IL-76 လေယာဉ်သုံးစင်းဖြင့် နံနက် ၇နာရီခွဲ၊ နံနက် ၉နာရီ ၃၅မိနစ်နှင့် ၁၀နာရီ မိနစ်၄၀ တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံမှ ဆေးဝါးနှင့်အစားအသောက်များ ၁၂တန်ကျော်သည် C-130 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ ၅မိနစ်တွင်လည်းကောင်း၊ IFRCမှ ရေတိုင်ကီများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ရေသန့်စက်၊ တာပေါ်လင်စများနှင့်လက်ဆွဲမီးအိမ်များ စုစုပေါင်း ၃၃တန်သည် ညနေ ၃နာရီခွဲတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ IFRCမှ အိုးခွက်ပန်းကန်မျိုးစုံကိုးတန်ကျော်သည် TG-303 လေယာဉ်ဖြင့် မေ ၁၆ ရက် ည ၇နာရီ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

ဖြန့်ဝေ

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ် ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုင်းကြီးကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် လှည့်လည်စစ်ဆေး

နေပြည်တော် မေ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မေ ၁၆ရက် နံနက် ၈နာရီခွဲတွင် ပုသိမ်မှ ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်ဖြင့်တင်ဆောင်၍ ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိသည်။

ယင်းနောက် စစ်ရေးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဟိုင်းကြီးကျွန်း အခြေခံပညာအထက်တန်းကျောင်း ပြင်ဆင်နေမှု၊ ရပ်ကွက်အလိုက် နေအိမ်များပြင်ဆင်ပြီးစီးမှု၊ ကယ်ဆယ်ရေးပစ္စည်းလက်ခံရေးနှင့် ဖြန့်ဖြူးရေးစခန်း(ပုသိမ်)မှ ရေယာဉ်ဖြင့် ပေးပို့ရောက်ရှိလာသော ဆောက်လုပ်ရေးပစ္စည်းများ၊ စားသောက်ကုန်၊ အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်းများ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားရောက်ရှိလာသော ဆောက်လုပ်ရေးပစ္စည်းများကို ဆေးရုံနှင့် စာသင်ကျောင်းများအား အမြန်ဆုံးပြင်ဆင်ရေး၊ နေအိမ်များပြုပြင်ဆောက်လုပ်ရေး၊ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရေး၊ လိုအပ်သော စားနပ်ရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းများကို ကွပ်ကဲမှုမပြတ်စေဘဲ ပေးပို့ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် စစ်ရေးချုပ်သည် ဟိုင်းကြီးကျွန်းမြို့၊ ချောင်းဝ၊ ပြင်ခရိုင်၊ ဒီဒူးကုန်း၊ သင်္ကယ်သောင်ကျေးရွာများနှင့် လပွတ္တာမြို့နယ် သင်္ကန်းကြီး၊ ဆင်ခြေယာ၊ဆားကျင်း၊ လပွတ္တာလုတ်ကျေးရွာများ၏အခြေအနေကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကာ လပွတ္တာမြို့သို့ရောက်ပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့်အတူ တာဝန်ရှိသူများနှင့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်စေကာ ပိုးလောင်း၊ လှိုင်းဘုန်း၊ ကွင်းပေါက်ကျေးရွာများသို့ ပေးပို့သည်။

မှာကြား

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်အတူ လပွတ္တာမြို့ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရောက်ရှိနေသော ဧရာရွှေဝါကုမ္ပဏီနှင့် မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ ဝန်ထမ်းအင်အား ၅၀၀ဖြင့် မြို့နယ်ဆေးရုံ၊ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများကို ပြန်လည်ပြင်ဆင်နေမှု၊ ဝန်ထမ်းအင်အား ၂၀၀၊ မော်တော်ယာဉ်နှင့် ယန္တရားယာဉ် အစီး ၅၀ဖြင့် သစ်ပင်ကြီးများ၊ အမှိုက်များ ဖြတ်တောက်ရှင်းလင်းနေမှု၊ အားကစားကွင်းအတွင်းဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်း ရွက်ဖျင်တဲများတွင် နေရာချထားမှု၊ တပ်မတော်သားများက လမ်းခင်းမြေဖို့နေမှု၊ စေတနာရှင်များက ထမင်း၊ ဟင်းများနှင့် သောက်ရေသန့်များလာရောက်ပို့ဆောင်လှူဒါန်းမှု၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသောဆေးခန်းများတွင် ကုသမှုခံယူနေမှုတို့နှင့် ရိက္ခာသိုလှောင်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်တို့နှင့်အတူ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးတက်မှုနှင့် လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းကာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မီဒီယာဂရု(ပ်)မှ လေဘေးဒုက္ခသည်များအား ကူညီလှူဒါန်း

ရန်ကုန် မေ ၁၇

လေဘေးဒုက္ခသည်များအား ကူညီထောက်ပံ့လိုသည့် အလှူရှင်များ၏ လှူဒါန်းလာသော တစ်နိုင်တစ်ပိုင်ပစ္စည်းများကို ရန်ကုန်မီဒီယာဂရု(ပ်)က လက်ခံစုစည်းကာ လေဘေးသင့်နေရာဒေသများရှိ ပြည်သူများ လက်ဝယ်အရောက် တာဝန်ယူပို့ဆောင်လှူဒါန်းပေးလျက်ရှိသည်။ (အပေါ်ပုံ)

အလှူရှင်များက ဆက်သွယ်လှူဒါန်းလာသည့် ငွေသား၊ ဆန်၊ ပဲ၊ ဆား၊ ဆေးဝါး၊ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်များနှင့် အဝတ်အထည်အမျိုးမျိုးတို့ကို လေဘေးဒဏ်ခံဒေသများဖြစ်သော ရန်ကုန်တိုင်းအတွင်းရှိ တောင်ဒဂုံ(၁၇)ရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ် ကျွန်းချောင်းရွာ၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်းရှိ နှာခေါင်းချောင်းရွာ၊ ချောင်းကြီးရွာနှင့် ကျုံဒါးမြို့နယ်၊မော်လမြိုင်ကျွန်းမြို့နယ်များရှိ လေဘေးသင့်ပြည်သူများထံ နှစ်ကြိမ်တိုင် လက်ရောက်ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။

တာဝန်ယူပေးပို့

ဆက်လက်ပေးပို့ လှူဒါန်းထားသည့် အလှူငွေနှင့်ပစ္စည်းများကိုလည်း မကြာမီတတိယအကြိမ်အဖြစ် အကူအညီလိုအပ်နေသော နေရာဒေသများသို့ ရန်ကုန်မီဒီယာဂရု(ပ်)မှ တာဝန်ယူပေးပို့ လှူဒါန်းသွားမည်ဖြစ်သည်။

ဆက်သွယ်

လေဘေးအတွက် ထည့်ဝင်လှူဒါန်းလိုသူ အလှူရှင်များ အနေဖြင့် ရန်ကုန်မီဒီယာဂရု(ပ်)သို့ ဆက်သွယ်လှူဒါန်းလိုပါက အိမ်တိုင်ရာရောက် လာရောက်သယ်ယူကာ အကူအညီလိုအပ်သော နေရာများသို့ တာဝန်ယူပေးပို့လှူဒါန်းပေးမည်ဖြစ်ရာ ရန်ကုန်မီဒီယာဂရု(ပ်) ဖုန်း- ၀၉-၅၀-၁၉၉၀၆၊ ၀၉-၅၁-၅၄၅၉၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံမှ Dr.Prafull Mohan ခေါင်းဆောင်သော အထူးကုဆရာဝန်များ၊ ကျွမ်းကျင်သူများနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများမှပြည်သူများအား ဆေးဝါးကုသမှုကူညီရန် အိန္ဒိယသမ္မတနိုင်ငံမှ ဆေးကုသရေးအဖွဲ့ရောက်ရှိ

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ဒေသများမှပြည်သူများအား ဆေးဝါးကုသကူညီဆောင်ရွက်ပေးရန် အိန္ဒိယသမ္မတနိုင်ငံမှ Dr. Prafull Mohan ခေါင်းဆောင်သော အထူးကုဆရာဝန်များ၊ ကျွမ်းကျင်သူများနှင့် သူနာပြုများပါဝင်သော အင်အား ၄၇ဦးသည် ယနေ့မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ IL-76 လေယာဉ်ဖြင့် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel Manoj Mukund Naravane နှင့် သံရုံးမှတာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

သယ်ဆောင်လာ

အိန္ဒိယသမ္မတနိုင်ငံဆေးကုသရေးအဖွဲ့နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသော ဆေးဝါးပစ္စည်း ၁၅တန်ကိုလည်း သယ်ဆောင်လာကြောင်းသိရသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသအားလုံးတွင် မြန်မာ့ဆက်သွယ်ရေး၏ CDMA 450 စနစ်များဖြင့် ကောင်းစွာဆက်သွယ်နိုင်

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ်အများဆုံးခံခဲ့ရသော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အရေးပေါ်ဆက်သွယ်မှုစနစ်အဖြစ် ပင်လယ်ပြင် ကမ်းနီးကမ်းဝေး မိုဘိုင်းလ်စနစ် CDMA 450 ဖြင့်အသုံးပြုနိုင်ရေး တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ မေ၅ရက်မှစတင်၍ ရန်ကုန်မြို့နှင့်ကွမ်းခြံကုန်း၊ ခရမ်း၊ ကျောက်တန်း၊ ကော့မှူးမြို့များသို့လည်းကောင်း၊ မေ၇ရက်တွင် ဧရာဝတီတိုင်းမှ မြောင်းမြသို့လည်းကောင်း၊ မေ ၈ရက်တွင် ငပုတော၊ ဘိုကလေးမြို့များသို့ လည်းကောင်း၊ မေ ၉ရက်တွင် ဒေးဒရဲ၊ ဟိုင်းကြီးကျွန်းများသို့လည်းကောင်း၊ မေ ၁၀ရက်တွင် ဖျာပုံမြို့သို့လည်းကောင်း၊ မေ ၁၆ရက်တွင် လပွတ္တာမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များသို့လည်းကောင်း နေ့စဉ်နှင့်အမျှ တိုးချဲ့တပ်ဆင်ပေးလျက်ရှိသည်။

ယခုအခါ လေဘေးဒဏ်သင့် မြို့ရွာဒေသများ အားလုံးသို့ CDMA 450 ဆက်သွယ်မှုစနစ်တစ်ခုလုံး လွှမ်းခြုံမိပြီဖြစ်ရာ ပြည်တွင်းပြည်ပဒေသနေရာမရွေး အဆိုပါဒေသများသို့ လွယ်ကူစွာဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင် အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ မေ၁၃ရက် မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့သာရေးနာရေးအသင်း၌ကျင်းပသော အလှူငွေပေးအပ်ပွဲတွင် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၅၇၅၉၅၀နှင့် ငွေသား ၂၄၄၀၁၆၅၀ ကျပ်ကို လှူဒါန်းကြရာ ယနေ့လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၁၉၇၇၆၀၀ဖြစ်ကြောင်း သိရသည်။

အလားတူပင် မေ ၁၂ရက်ကလည်း မြို့နယ်စည်ပင်သာယာဈေးအတွင်း အလှူခံမဏ္ဍပ်၌ကျင်းပသည့် ပေးအပ်လှူဒါန်းပွဲတွင် ဈေးသူဈေးသားများက ငွေကျပ် ၂၀၇၁၈၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဆေးပစ္စည်းများနှင့် ငွေကျပ် ၂၆၀၀၉၀၀လှူဒါန်းခဲ့ကြသဖြင့် လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၄၆၇၂၇၀၀ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ မေ ၇ရက်က မြို့တော်ခန်းမ၌ ပြုလုပ်သည့် ပေးအပ် လှူဒါန်းပွဲတွင် မူဆယ်ကုန်သည်ကြီးများအသင်းက ငွေကျပ် ၁၁၉၇၀၀၀၀တန်ဖိုးရှိပစ္စည်းများ၊ ရွှေမြင်းနှစ်ကောင်ကုမ္ပဏီမှ ငွေကျပ် ၅၀၄၀၀၀၀ တန်ဖိုးရှိဓာတ်ခဲများ စုစုပေါင်းပစ္စည်းတန်ဖိုး ငွေကျပ် ၁၇၀၁၀၀၀၀နှင့် ငွေသားကျပ် ၁၂၉၈၀၃၀၀၀ကို လှူဒါန်းကြသဖြင့် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၁၄၆၈၁၃၀၀၀ကိုလည်း လေဘေးသင့် ပြည်သူများသို့ ဆက်လက်လှူဒါန်းပေးပို့ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကရင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၁၆ရက် နံနက် ၈နာရီခွဲတွင် ကော့ကရိတ်တပ်နယ်သို့ ရောက်ရှိရာ တပ်နယ်ခန်းမ၌ ကော့ကရိတ်၊ ကျုံဒိုးတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဗိုလ်ချုပ်သာအေးသည် တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ စစ်သည်များ၊ မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းနှင့် ငွေများထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မြပဒိုင်ကျေးရွာသို့ရောက်ရှိရာ အရှည် ၁၇၁ ပေ၊ အကျယ် ၁၈ပေ၊ လူသွားလမ်းအကျယ် တစ်ပေခွဲစီဖြင့် မြပဒိုင်ချောင်းကူးတံတား ဆောက်လုပ်ထားရှိမှုနှင့် စက်ယန္တရားများဖြင့် ချဉ်းကပ်မြေသားလမ်းဖောက်လုပ်နေမှုကိုလည်းကောင်း၊ အရှည်ပေ ၈၀၊ အကျယ် ၁၈ပေရှိ လန်ခိုဘိုင်းကျေးရွာချောင်းကူးတံတားသစ်တည်ဆောက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့်မိုးရာသီ ရေတိုက်စားမှုဒဏ် ခံနိုင်ရေးအတွက် ချဉ်းကပ်တံတားခုံများ၊ ရေလယ်တိုင်များကို ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

လိုက်လံကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကော့ကရိတ်-နဘူးလမ်းပေါ်တွင် ဖောက်လုပ်ထားရှိသော ကျေးရွာချင်းဆက်လမ်းများနှင့်တံတားသစ်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ထို့ကော်ကိုးဝင်းသုဇာအရောင်းဆိုင်သို့ ရောက်ရှိကာ ကုန်ပစ္စည်းများ တင်ဆောင်ရောင်းချနေမှုကိုလည်းကောင်း၊ အမျိုးသမီးရေးရာအရောင်းဆိုင်တွင် စားသုံးကုန်ပစ္စည်းများ ရောင်းချနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံ အခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကွပ်ကဲမှုရုံး၌ ပြည်တွင်းပြည်ပမှ ပေးပို့ထားသော ကယ်ဆယ်ရေးပစ္စည်းများကို ပြည်သူများထံ လက်ရောက်ဖြန့်ဝေပေးစဉ်။ **(သတင်း-၄)** (သတင်းစဉ်)

သန်လျင်မြို့နယ်နှင့်ရွှေပြည်သာမြို့နယ်တို့ရှိ လေဘေးသင့်ပြည်သူများအား သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အလှူငွေများပေးအပ်

ရန်ကုန် မေ ၁၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မေ၁၆ရက်တွင် စေတနာရှင်အလှူရှင်များလိုက်ပါ၍ သန်လျင်မြို့ အထက(၁)ပတ္တမြားခန်းမသို့ ရောက်ရှိကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် IBPC Co., Ltd. မှ ငွေကျပ်၉၁၇၂၅၀၀၊ အာရှတော်ဝင်အထူးကုဆေးခန်းမှ ငွေကျပ်သိန်း ၅၀တန်ဖိုးရှိ ဆေးပစ္စည်းများနှင့် ငွေသားကျပ်သိန်း၅၀၊ ရွှေတောင်ကုမ္ပဏီမှ ငွေကျပ်သိန်း၅၀၊ စိန်ခဲ၊ ရွှေခဲ ငံပြာရည်လုပ်ငန်းမှ ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ငံပြာရည်များ၊ တိုကျိုပိုက်လုပ်ငန်းရှင်မှ ငွေကျပ်ခုနစ်သိန်း တန်ဖိုးရှိ ဆပ်ပြာမျိုးစုံ၊ မွှေးကော်အိတ် လုပ်ငန်းပိုင်ရှင်မှ ငွေကျပ် သုံးသိန်းတန်ဖိုးရှိ အိတ်မျိုးစုံများ၊ Benhurr Co., Ltd. မှ ငွေကျပ်ကိုးသိန်းတန်ဖိုးရှိ ခေါက်ဆွဲခြောက်ထုပ်များ၊ ရှယ်ဖယ်မလီကုမ္ပဏီလီမိတက်မှ ဆန်အိတ်၂၀၀၊ ရေသန့်ဘူး ၄၄၀၀နှင့် ဆီပိသာ၂၂၀၊ မြန်မာတကောင်းကုမ္ပဏီမှ ဆန်အိတ်၅၀၊ မြတ်ယမုံကျောက်မျက်ကုမ္ပဏီမှ ဆန်အိတ်၅၀၊ အခြားအလှူရှင်များမှ စုပေါင်းလှူဒါန်းထားသော ဒန်အိုး ဒန်ခွက်၊ ဆပ်ပြာ၊ ရေသန့်၊ ဆေးပစ္စည်းများ စုစုပေါင်း အလှူငွေတန်ဖိုးငွေကျပ် ၃၀၃သိန်းကျော် ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေဘေးဒုက္ခသည်များ ခေတ္တထားရှိရာ ရွှေနံ့သာဓမ္မာရုံ၌ လေဘေးသင့် ပြည်သူများအား ပစ္စည်းနှင့်အလှူငွေများ ပေးအပ်ကာ အလှူရှင်များသည် ဘုရားကုန်းကျေးရွာ ကျိုက်အင်း အမကကျောင်း၌ လေဘေးသင့်ပြည်သူများထံ အလှူငွေများ ကိုယ်တိုင်ပေးအပ်ကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သန်လျင် ခဲမဖြူစက်ရုံ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများကို အမြန်ဆုံး ပြုပြင်ပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အလှူရှင်များသည် ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ လေဘေးသင့်ပြည်သူများအတွက် မြန်မာတကောင်းကုမ္ပဏီက ဆန်အိတ် ၂၅ အိတ်၊ ရတနာစည်ကုမ္ပဏီမှ ၂၅အိတ်၊ မြတ်ယမုံကုမ္ပဏီမှ ၂၅အိတ် စုစုပေါင်း ဆန်အိတ် ၇၅အိတ်၊ ရှယ်ဖယ်မလီကုမ္ပဏီမှ စားသုံးဆီ တစ်ပီပါ၊ ဆားပိဿာ ၁၀၀နှင့် စေတနာ စုပေါင်းလှူဒါန်းရေးမှ ဆန်၊ မိုးကာ၊ ကုလားပဲ၊ ရေသန့်၊ ဆား၊ ဒန်အိုး၊ ဆီစသည့်ဖြင့် ပစ္စည်းစုံပါသော အိတ် ၇၀ အား ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ စေတနာရှင် အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၁၇

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာများနှင့်ပြည်သူများက အလှူငွေကျပ် ၆၁၉၄၉၈၆၀ကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပြည်သူများက ငွေကျပ် ၄၃၁၇၀၀တန်ဖိုးရှိငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၉၁၄၃၅၀နှင့် ငွေကျပ် ၂၂၄၁၂၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ခုနစ်သိန်းနှင့် ငွေကျပ် ၁၇၈၀၉၆၁၀တန်ဖိုးရှိစားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို လည်းကောင်း၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၆၉၄၉၀၀၀တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်း၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၆၆၅၄၃၈၅၀နှင့် ငွေကျပ် ၁၀၃၈၈၈၆၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၂၇၁၆၀၀၀တန်ဖိုးရှိစားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ဆေးပစ္စည်းမျိုးစုံတို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၅၈၂၁၁၀၀၀အပါအဝင် စေတနာရှင်အလှူရှင်များ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၅၈၈၅၅၄၃၀ဖြစ်ပြီး မေ ၁၇ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေ ၇၇၀၉၀၇၁၃၀၅ကျပ်ရှိပြီး ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးပစ္စည်းများရောက်ရှိ

ရန်ကုန် မေ ၁၇

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများကို သင်္ဘောကြီးများဖြင့် အချိန်နှင့်တစ်ပြေးညီ အဆက်မပြတ်ပေးပို့လျက်ရှိရာ ရန်ကုန်မြို့မှ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပစ္စည်းများ တင်ဆောင်ထွက်ခွာလာသော ငါးကြီးသင်္ဘောသည် မြောင်းမြမြို့ ဆိပ်ကမ်းသို့ မေ ၁၅ရက် မွန်းလွဲ ၂နာရီတွင် ရောက်ရှိလာရာ မြောင်းမြမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုအဖွဲ့မှ ဒုတိယ ဗိုလ်မှူးကြီး ညီညီသိန်းဇံ၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်တို့ ဦးစီးသော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများက သင်္ဘောပေါ်မှ သယ်ဆောင်ကြကာ မြို့ပေါ်ရှိ လေဘေးကယ်ဆယ်ရေးစခန်း ၂၇ခုသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ဖြန့်ဝေပို့ဆောင်ပေးကြသည်။

ပေးပို့လှူဒါန်း

မြောင်းမြမြို့သို့ ရောက်ရှိလာသည့် လပွတ္တာမြို့နယ်မှ လေဘေးသင့်ပြည်သူများအတွက် တင်ဆောင်လာသော ပစ္စည်းများမှာ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် ရွက်ဖျင်တဲများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် နိုင်ငံတော်တစ်ဝန်းရှိ ပြည်သူများမှ လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းစုစုပေါင်း တန် ၆၀ခန့် ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေး

မြောင်းမြမြို့တွင် လေဘေးသင့်ပြည်သူ ၁၀၀၀၀ကျော်ကို မြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း ၂၇ခုတွင် ဖွင့်လှစ်၍ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ၁၇ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား စေတနာရှင်အလှူရှင်များ၏ထောက်ပံ့ပစ္စည်းများ

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ဆန်နှင့်သောက်ရေသန့်များ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အား/ကာ)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် ဗြိတိန်နိုင်ငံရှိ Department for International Devel
ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖြစ် မော်လမြိုင်ကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံအခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ECHO နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ လပွတ္တာမြို့နယ် ရတနာဒီပအားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်း၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းကြက်ခြေနီအသင်းမှ Dr. Pichit Siriwan ခေါင်းဆောင်သည့် ဆေးကုသရေး အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံမှ လှူဒါန်းသော ဆေးဝါးပစ္စည်းများ အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံအခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ဘိုကလေးမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လေဘေးကယ်ဆယ်ရေးစခန်း၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ာက်ပံ့ပစ္စည်းများဖြန့်ဝေ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

က် ဗြိတိန်နိုင်ငံရှိ Department for International Development မှ ထောက်ပံ့ရေး
စဉ်။
(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိလေဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသောသင်္ဘောများ လမ်းမတော်ဆိပ်ကမ်းမှ ထွက်ခွာသွားစဉ်။ (သတင်းစဉ်)

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖြစ် လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော လပွတ္တာမြို့ ပြည်သူ့ဆေးရုံအမိုးများကို ပြန်လည်ပြင်ဆင်နေစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံအခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက်နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကွပ်ကဲမှုရုံး၌ ပြည်တွင်း၊ ပြည်ပမှ ပေးပို့ထားသော ကယ်ဆယ်ရေးပစ္စည်းများကို ပြည်သူများထံ လက်ရောက်ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရခိုင်ပြည်နယ်မှ မျိုးစပါးများတင်ပို့လှူဒါန်း

နေပြည်တော် မေ ၁၇

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၁၆ရက် နံနက် ၈နာရီခွဲတွင် စစ်တွေမြို့ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ သွားရောက်ပြီး ယာယီပစ္စည်းသိုလှောင်ခန်း၌ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသောထောက်ပံ့ပစ္စည်းများအား ကြည့်ရှုစစ်ဆေးရာ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေး အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘကြည်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းမှူး၏ဇနီး ဦးဆောင်သော လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပစ္စည်းသိုလှောင်ခန်းမှ မော်တော်ယာဉ်ကြီးများပေါ်သို့ ဝိုင်းဝန်းသယ်ယူဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထောက်ပံ့ရေး ပစ္စည်းများအား မော်တော်ယာဉ်နှစ်စီးဖြင့် စစ်တွေမှ အမ်းမြို့၊ ၄င်းမှ ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ပို့ဆောင်မည်ဖြစ်ပြီး ထောက်ပံ့ပစ္စည်းများအနေဖြင့် ငါးခြောက် ၆၃အိတ် (ပိဿာ ၁၅၀၀)၊ စောင်၊ ခြင်ထောင်များအပါအဝင် အဝတ်အထည်မျိုးစုံ ၁၀၇အိတ်၊ ပန်းကန်၊ ဒန်အိုး၊ ထီး၊ ဖိနပ် ၁၉အိတ်၊ ဆန်အိတ် ၂၃၀ စုစုပေါင်း ၄၁၉အိတ် ကာလတန်ဖိုး ၂၀၂၈၅၂၅၀ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာန သင်္ဘောဆိပ်သို့ သွားရောက်ပြီး အောင်တံခွန် (၂)သင်္ဘောပေါ်၌ စစ်တွေမှ တောင်ကုတ်၊ ၄င်းမှဧရာဝတီတိုင်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်မည့် မျိုးစပါးတင်း ၂၇၀၀ တင်ဆောင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်မြင့်က မျိုးစပါးဝယ်ယူစုဆောင်းသယ်ယူမှု၊ ပြည်တွင်းရေကြောင်း မန်နေဂျာ ဦးခင်အောင်က သယ်ယူပို့ဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ရောက်ဖြန့်ဝေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မြန်မာနိုင်ငံအခြေစိုက်နှင့် မြန်မာနိုင်ငံ၌ ခေတ္တရောက်ရှိနေကြသော ပြည်ပအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကွပ်ကဲမှုရုံး၌ ပြည်တွင်းပြည်ပမှ ပေးပို့ထားသော ကယ်ဆယ်ရေးပစ္စည်းများကို ပြည်သူများထံ လက်ရောက်ဖြန့်ဝေပေးစဉ်။ (သတင်း-၄) (သတင်းစဉ်)

ထိုင်းနိုင်ငံအခြေစိုက် ဘမ်ရွန်ဂရက်ဆေးရုံကြီးမှ ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံအခြေစိုက် ဘမ်ရွန်ဂရက်(Bumrungrad-International)ဆေးရုံကြီးမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာတစ်သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဘမ်ရွန်ဂရက်ဆေးရုံ ဌာနေကိုယ်စားလှယ် ဒေါက်တာ မိုးညဏ်ကျော်တို့က မေ ၁၆ရက်တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ကလေးဆေးရုံကြီးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့သို့ အသီးသီးပေးအပ်လှူဒါန်းခဲ့ကြသည်။

အခမဲ့သယ်ယူ

အဆိုပါ ပစ္စည်းများကို ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ သယ်ဆောင်ရာတွင် Air-Bagan လေကြောင်းမှ အခမဲ့ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်
စာပေ
လှူမိတ်ဆွေ

နေရာကွက်၍ မိုးကြီးနိုင်

(၂၀၀၈ ခုနှစ် မေ ၁၇ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။ ။ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၉ဒီဂရီစင်တီဂရိတ်မှ ၁၀ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ ၄၇လက်မ၊ ကျောက်တော်မြို့တွင် ၃ဒသမ ၄၆လက်မ၊ သံတွဲမြို့တွင် ၃ဒသမ ၃၀လက်မ၊ တံတားဦးမြို့တွင် ၃ဒသမ၁၁ လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၆၄လက်မ၊ ဌမြို့တွင် ၂ဒသမ ၆၀လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂ဒသမ ၅၆လက်မ၊ ပုသိမ်မြို့တွင် ၂ဒသမ ၄၈လက်မ၊ မြင်းမူမြို့တွင် ၂ဒသမ ၄၄လက်မ၊ မန္တလေးမြို့နှင့်ညောင်ဦးမြို့တို့တွင် ၂ဒသမ ၁၃လက်မစီ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၀၈ လက်မ၊ ကျောက်ဖြူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ဒသမ ၀၁လက်မစီ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ဒသမ ၈၅လက်မနှင့် ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ ၃၀လက်မ၊ စစ်ကိုင်းမြို့တွင် ၁ဒသမ၆၆လက်မနှင့် မကွေးမြို့တွင် ၁ဒသမ၆၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၁၈ရက်ညနေအထိ ခန့်မှန်းချက် ။ ။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၈ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ၁၈ရက် ညနေအထိခန့်မှန်းချက်။

မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ၁၈ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၁ဒသမ ၀ဒီဂရီစင်တီဂရိတ် (၈၈ဒီဂရီဖာရင်ဟိုက်)	၁၆-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၁ဒသမ ၀ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်)	၁၇-၅-၂၀၀၈
နံနက် ၉ နာရီခွဲ စိုထိုင်းဆ	၉၂ရာခိုင်နှုန်း	၁၇-၅-၂၀၀၈
နေပူသည့် နာရီပေါင်း	၁ဒသမ ၉နာရီခန့်	၁၆-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၇-၅-၂၀၀၈	၃၃မမ(၁.၃၀လက်မ)	၄၇မမ(၁.၈၅လက်မ)	၅၃မမ(၂.၀၈လက်မ)
၁-၁-၂၀၀၈မှယနေ့အထိ	၅၉၁မမ(၂၃.၂၇လက်မ)	၆၉၈မမ(၂၇.၄၈လက်မ)	၇၅၆မမ(၂၉.၇၆ လက်မ)

ရန်ကုန်ကမ္ဘာအေး၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၁၆ရက် မွန်းလွဲ ၁၂နာရီခွဲတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

မင်းကွတ်သီးစားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုလျော့ကျနိုင်

မင်းကွတ်သီးသည် ပူအွေးသောရာသီဥတုမျိုးတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ အရှေ့တောင်အာရှ နိုင်ငံများတွင်သာမက အာရှနှင့် ဥရောပနိုင်ငံများ၌ပါ နှစ်ခြိုက်စွာစားသုံးကြသည်။ မင်းကွတ်သီး၏ အခွံမှာ နီညိုရောင်ဖြစ်သော်လည်း အတွင်းသားမှာ ဖြူဖွေးကာ အရသာမှာ ချိုပြီး အနည်းငယ်ဖန်သည်။



မင်းကွတ်သီးတွင် လူ့ခန္ဓာကိုယ်တွင်း ကျန်းမာရေးကို အထောက်အကူပြုစေသည့် ဓာတ်များစွာပါဝင်လျက်ရှိသည်။ မင်းကွတ်သီးကို သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးလုံးခန့် ပုံမှန်စားသုံးသွားပါက သွေးကလာပ်စည်းများ ပျက်စီးမှုကို ကာကွယ်ပေးနိုင်သည်။

ပြောကြား

ထို့အပြင် ခန္ဓာကိုယ်အတွင်း ဆဲလ်များ ပျက်စီးမှုကို အကာအကွယ်ပေးနိုင်သည့် အပြင် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါတို့အပြင် သွေးဖြူဥများသောရောဂါများ ဖြစ်ပွားမှုနည်းအောင်လည်း ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

အလွန်နည်း

မင်းကွတ်သီး ပုံမှန်စားသုံးသူများကို သုတေသနပြုကြည့်ခဲ့ရာ သွေးနှင့်ပတ်သက်သောရောဂါ၊ နှလုံးရောဂါနှင့် အရေပြားကင်ဆာများ ဖြစ်ပွားမှု အလွန်နည်းပါးကြောင်း တွေ့ရှိရသည်ဟု ၄င်းတို့က ပြောကြားသည်။

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

ပို့စ်မောက်တို့ အက်ဖ်အေဖလားဆွတ်ခူး

အက်ဖ်အေဖလားကို ဆွတ်ခူးသွားသော ပို့စ်မောက်အသင်းသားများ ဆုဖလားနှင့်အတူ ဤသို့အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။

(အင်တာနက်ဓာတ်ပုံ)

လန်ဒန် မေ ၁၇

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မေ ၁၇ရက်က လန်ဒန်မြို့ ဝင်ဘလေဘောလုံးကွင်း၌ ပို့စ်မောက်နှင့် ကာဒစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပို့စ်မောက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

ရရှိခဲ့

အက်ဖ်အေဖလား တစ်ကြိမ်ရရှိခဲ့ဖူးသော ကာဒစ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့် အခွင့်အရေးတွင် ပို့စ်မောက်တို့က ပိုမိုရရှိခဲ့သည်။

ကိုင်မြှောက်ခွင့်ရ

ပို့စ်မောက်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၃၇မိနစ်၌ အူကာတာ ဖြတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူးကနူးက အပိုင်ကန်သွင်းယူခဲ့သဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ပို့စ်မောက်တို့ အက်ဖ်အေဖလားကို ပထမဆုံးအကြိမ် ကိုင်မြှောက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်နယ်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်တွင် မြို့နယ်အလိုက် ကယ်ဆယ်ရေးစခန်းများရွေးချယ်

ဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချိန်ထုတ်နုတ်နိုင်ရန်စုဖွဲ့ထား

ရန်ကုန် မေ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မေ၁၅ရက်က စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာတိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်က မုန်တိုင်းကြောင့် ဧရာဝတီတိုင်းရှိ လေဘေးသင့်ပြည်သူများ လယ်ယာမြေပြန်လည်ထူထောင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းမှ ရေစပါးမျိုးစပါး၊ ခိုင်းကျွဲ၊ခိုင်းနွားများ ပို့ဆောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အတွက် ဦးစီးကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ခိုင်းကျွဲ၊ ခိုင်းနွား ဝယ်ယူစုဆောင်းရေးကော်မတီ ဖွဲ့စည်းထားရှိမှု၊ ဝါးဝယ်ယူစုဆောင်းရေးကော်မတီဖွဲ့စည်းထားရှိမှု၊ ပို့ဆောင်ရေးကော်မတီဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းအထောက်အကူပြုဖွဲ့စည်းရေးကော်မတီ ဖွဲ့စည်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ရခိုင်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်အောင်က ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး ဆောင်ရွက်ထားရှိမှု စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်က စပါးမျိုးကောင်းမျိုးသန့်များဝယ်ယူရရှိရေးအတွက် စတင်ဝယ်ယူစဉ်ကပင် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးတာဝန်ခံများက စစ်ဆေးဆောင်ရွက်သွားရန်၊ ဝါး အဆက်မပြတ် တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ခိုင်းကျွဲ၊ခိုင်းနွားများအား ချက်ချင်းပို့ဆောင်ရေးစီစဉ်ဆောင်ရွက်သွားရန်နှင့် ပြည်နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်တွင် မြို့နယ်အလိုက် ကယ်ဆယ်ရေးစခန်းများ ရွေးချယ်ထားရန်၊ ရေရိက္ခာနှင့် ဆေးဝါးများအတွက် စီမံထားရှိရန်၊ ဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများအား လိုအပ်ချိန် ထုတ်နုတ်နိုင်ရန် စုဖွဲ့ထားရန်၊ ကြက်ခြေနီ မီးသတ်တပ်ဖွဲ့ဝင်များအား တပ်စု၊ တပ်ခွဲအဆင့် ဖွဲ့စည်းထားရန်၊ မြို့နယ်တစ်ခုတွင် ဖြစ်ပွားပါက ကျန်မြို့နယ်များက အပြန်အလှန် အထောက်အကူပြုနိုင်ရေးအတွက် စီမံထားရှိရန် တို့ကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်းမူလ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း၌ သာသနာ့ဝိပုလကာရီသိမ်ကျောင်းဆောက်လုပ်ရန်အတွက် မတည်အလှူရှင် သန်လျင်မြို့အုတ်ဖိုစုရပ်ကွက် ဘောဂလမ်း အမှတ်၈/ကနေ နှစ်ဖက်မိဘများဖြစ်ကြသော ဦးကျင်စိန်-ဒေါ်မြင့်စိန်၊ ဒေါ်သန်းနုတို့အားရည်စူး၍ဖခင်ကြီးဦးမြင့်အား အမှူးထားပြီး ကိုနွယ်ဝင်း-မမိုးမိုးအေး၊ သား မောင်ခင်အောင်စိုး မိသားစုကမူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဦးနန္ဒပါလ (ယော)ထံ အလှူငွေကျပ် တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပေါင်းလောင်းရေလွှဲဆည်စီမံကိန်းစစ်ဆေး

လယ်ဧက၃၅၀၀၀ ဆည်ရေလုံလောက်စွာပေးနိုင်ရန် ရည်ရွယ်တည်ဆောက်

နေပြည်တော် မေ ၁၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မေ၁၅ရက် မွန်းလွဲပိုင်းက နေပြည်တော်ပျဉ်းမနားကူးတို့ဆိပ် ကျေးရွာအုပ်စု ဝဲကြီးစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသစ်တည်ထောင်မည့်နေရာ၌ အများပြည်သူသုံးရေကန်တည်ဆောက်ထားမှုနှင့် အများသုံးအဝီစိရေတွင်း တူးမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကူးတို့ဆိပ် စံပြကျေးရွာ တည်ထောင်မည့်မြေနေရာ၌ အဝီစိရေတွင်း တူးမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့မှတစ်ဆင့် တိုင်းမှူးသည် ပေါင်းလောင်း ရေလွှဲဆည်သို့ ရောက်ရှိပြီး စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်တိုင်းမှူးအား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်သန်းက စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတိုင်းမှူးက လိုအပ်သည်များကို မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်းစက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေလုံလောက်စွာပေးဝေနိုင်

ပေါင်းလောင်း ရေလွှဲဆည်သည် နေပြည်တော်ပျဉ်းမနား၏အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ၌ တည်ရှိပြီး ပေါင်းလောင်း ရေလှောင်တမံကြီးနှင့် ၁၁ မိုင်ကွာဝေးသည်။ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် ရေတာရှည်မြို့နယ်များအတွင်းရှိ လယ်မြေဧက၃၅၀၀၀ကိုဆည်ရေလုံလောက်စွာပေးဝေနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းအားလုံး၉၀ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ကိုကိုးကျွန်းမြို့နယ်သို့ သွားမည့်သူများအားတွေ့ဆုံ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် ယမန်နေ့ နံနက်ဂနာရီခွဲက ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးက ဟားခါးသင်္ဘောဖြင့် လိုက်ပါကြမည့် သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အရပ်သားခရီးသည်များ၊ ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ခုနစ်သိန်းလေးသောင်းကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ် သာသနာရေးမဏ္ဍိုင်ကျောင်းအတွက် ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းက ဘာသာရေးစာအုပ်၊ စာစောင်များနှင့် ဗွီစီဒီတရားခွေများကို လည်းကောင်း ပေးအပ်သည်။

ပို့ဆောင်ပေး

အဆိုပါ သင်္ဘောဖြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆန် ၁၃၄၄အိတ်နှင့် စားအုန်းဆီ ၂၄ပီပါ၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးဦးစီးဌာနက ဆိုင်ကယ်တစ်စီး၊ ကွန်ပျူတာ တစ်လုံး အပါအဝင် စားသောက်ကုန်၊ ဆန်၊ ဆီ၊ စားအုန်းဆီ၊ စက်သုံးဆီ၊ ဘိလပ်မြေအိတ်များနှင့် ဝါးမျိုးပင်၅၀၀နှင့် ရော်ဘာပင်မျိုးတို့ကို ပို့ဆောင်ပေးသည်။ **(သတင်းစဉ်)**

မေ ၁၄ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသများအတွက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)မှ ဆေးဝါးပစ္စည်းများ AN-12 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မေ ၁၆ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်) အထွေထွေရောဂါကုအဖွဲ့ အလုပ်အမှုဆောင်များက လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေများကို မတည်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊
၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊
၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်)ကလိုရင်းဆေးခတ်ထားသောရေကိုသာသောက်သုံးရန်၊
၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊
၆။ အတတ်နိုင်ဆုံး သန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြရန်၊
၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့်အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊
၈။ ထိခိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊
၉။ ရေကြီးပါက မြွေအန္တရာယ်တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊
၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊
၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊
၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့တွင်းရှိ စက်မှုဇုန်များ မေ ၂၀ရက်တွင် ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးစီစဉ် စက်ရုံ၊ အလုပ်ရုံအတွင်းပိုင်း ဓာတ်အားလိုင်းများ ကြိုတင်ပြုပြင်ဆောင်ရွက်သွားကြ

ရန်ကုန် မေ ၁၇

လေဘေးသင့်ခံရသော ရန်ကုန်မြို့တွင်းရှိ စက်မှုဇုန်များ ပုံမှန်ပြန်လည် လည်ပတ်စေရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် စက်မှုဇုန်များမှဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်မြို့တွင်းရှိ စက်မှုဇုန်များမှ စက်ရုံ၊ အလုပ်ရုံများကို မေ၂၀ရက်တွင် ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များအတွင်းရှိ စက်ရုံအလုပ်ရုံများအနေဖြင့်လည်း မိမိတို့စက်ရုံ၊ အလုပ်ရုံအတွင်းပိုင်းရှိ ဓာတ်အားလိုင်းများကို ကြိုတင်ပြုပြင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုအခါ ရန်ကုန်မြို့တွင်းသို့ လျှပ်စစ်ဓာတ်အား ၁၇၅မဂ္ဂါဝပ် ဖြန့်ဖြူးပေးပို့နိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဇုန်အလိုက် စက်ရုံ၊ အလုပ်ရုံများ ပြန်လည် လည်ပတ်နိုင်သည့် အခြေအနေ၊ ဓာတ်တိုင်နှင့် လိုင်းကြိုးများ၊ ထရန်စဖော်မာများ ပြုပြင်ပြီးစီးမှု အခြေအနေနှင့် အလုပ်သမားများ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ဥက္ကဋ္ဌက စက်မှုဇုန်များမှ တင်ပြသောလိုအပ်ချက်များကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ စိုးလျှပ်စစ်ကုမ္ပဏီ၊ရန်ကုန်ထရန်စဖော်မာနှင့် စက်မှုဇုန်များ ပူးပေါင်းဆောင်ရွက်၍ လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် အမှတ် ၉၁၈ ကနောင်လမ်း ၃၅ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ဦးအေးမောင်-ဒေါ်လှလှ မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်သော ဦးစိုးသိမ်း၊ ဦးမြသိန်းနှင့် ဦးထွန်းဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

စားအုန်းဆီများရောင်းချ

အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်း အတွင်းဖွင့်လှစ်ထားသည့် အငြိမ်းစား ဝန်ထမ်းများနှင့်ဝန်ထမ်းများသက်သာ ချောင်ချိရေး အရောင်းဆိုင်တွင် မေ ၁၄ရက်က မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးဟုတ်ခွန် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်း များအား စားအုန်းဆီများ ရောင်းချ ပေးစဉ်။ (၁၁၃)

ဒေါင်းနေချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မေ၁၄ရက်က ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက တံတားဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးမှ အင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က ဖြည့်စွက်တင်ပြ၍ ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကိုမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ဆောင်ရွက်

ယခုအခါ မကွေးဘက်ကမ်း တံတားတိုင်အမှတ် P.1၌ ဘိုးပိုင်တွင်းတူးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ရာနှုန်းပြည့်နီးပါး ရှင်းလင်းသန့်ရှင်း

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြို့တွင်း လမ်းများ၊ အဝေးပြေးလမ်းမကြီးများပေါ်၌ သစ်ပင်များ၊ ဓာတ်တိုင်နှင့် ဓာတ်ကြိုးများ၊ ကြော်ငြာဆိုင်းဘုတ်ကြီးများနှင့် အမှိုက်သရိုက်များ၊ လဲပြိုပိတ်ဆို့နေမှုများကို အပြောင်ရှင်းစနစ်ဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများနှင့် ပြည်သူများက နေ့စဉ်ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းလျက်ရှိကြသည်။

ဖယ်ရှားရှင်းလင်း

ထိုသို့ ရှင်းလင်းကြရာတွင် ရန်ကုန်မြို့တွင်း တာမွေ၊ စမ်းချောင်း၊ ဗဟန်းနှင့် အလုံမြို့နယ်တို့၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံ တပ်မတော်သားများ၊ ကမ္ဘာအေးစေတီလမ်းတစ်လျှောက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)၊ ဒဂုံမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ အမှတ်(၇၇)ခြေမြန် တပ်မဌာနချုပ် လက်အောက်ခံ တပ်မတော်သားများ၊ ရန်ကုန်မြို့တွင်းနှင့်ပါရမီလမ်းတစ်လျှောက်နှင့် အင်းစိန်မြို့နယ်တို့၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မင်္ဂလာဒုံမြို့နယ်အတွင်း၌ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်သားများ၊ သဃ်ာန်းကျွန်းမြို့နယ်၌ မှော်ဘီတပ်နယ်မှ တပ်မတော်သားများ၊ ရန်ကုန်မြို့တွင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့၌ အင်းတိုင်တပ်နယ်မှ တပ်မတော်သားများ၊ အင်းစိန်မြို့နယ်နှင့် ပါရမီလမ်း၊ သမိုင်းလမ်းဆုံတစ်လျှောက်တို့၌ တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများ၊ ပဲခူးတပ်နယ်မှ တပ်မတော်သားများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကကုမ္ပဏီ လီမိတက်များမှ စက်ယန္တရားများ အကူအညီဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိကြသည်။

ထိုသို့ ဖယ်ရှားရှင်းလင်းမှုကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ လမ်းများ၊ အဝေးပြေးလမ်းမကြီးများသည် ရာနှုန်းပြည့်နီးပါး ရှင်းလင်းသန့်ရှင်းကာ မော်တော်ယာဉ်များနှင့် ပြည်သူများ သွားလာမှု လုံခြုံစိတ်ချရပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ငါးဦးစီးနိုင်သော ရေပေါ်လျှပ်ပြေးယာဉ်တစ်စင်းလှူဒါန်း

ရန်ကုန် မေ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံရှိCredent Technology (Myanmar) နှင့် Roallife ကုမ္ပဏီတို့မှတစ်ဆင့် ထိုင်းနိုင်ငံ Power Tech Co.၏ ကူညီမှုဖြင့် လူငါးဦး တစ်ပြိုင်တည်းစီးနိုင်သောHovercraft ရေပေါ် လျှပ်ပြေးယာဉ် တစ်စင်း (အပေါ်ပုံ)ကို မုန်တိုင်းဒဏ်ခံရသော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုနိုင်ရန် ယမန်နေ့မွန်းလွဲပိုင်းက ထိုင်းနိုင်ငံမှC-130 လေယာဉ်တစ်စင်းဖြင့် ပေးပို့ခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်

ယခု ပေးပို့သော ရေယာဉ်ကို ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဦးသန်းထွန်းနှင့် Credent Technology(Myanmar) နှင့် Roallife ကုမ္ပဏီမှ ဦးဇော်နိုင်တို့က မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

မေ ၁၂ရက်က တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံမှ တပ်မတော်သားများ ရန်ကုန်မြို့ အနော်ရထာလမ်း တစ်လျှောက် သစ်ကိုင်းများ၊ အမှိုက်များကို ရှင်းလင်း ဆောင်ရွက်လျက်ရှိကြစဉ်။ (သတင်းစဉ်)

ကယ်ဆယ်ရေးစခန်းအတွင်း ထောက်ပံ့ရေးပစ္စည်း ပုံမှန်ရရှိ ရောဂါမျိုးစုံမဝင်နိုင်စေရန် အချိန်နှင့်အမျှ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ် ခံစားခဲ့ရသော လေဘေးသင့်ဒေသခံများအား နိုင်ငံတော်က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ထောက်ပံ့ဖြည့်ဆည်း စောင့်ရှောက်မှုများ ပြုလုပ်ထားလျက် ရှိသည်။ စေတနာရှင် ပြည်သူများကလည်း တတ်နိုင်သရွေ့ လှူဒါန်းပေးနေသည်။

ထို့ကြောင့် လေဘေးသင့် ခံရသူများထားရှိရာ ရန်ကုန်တိုင်း တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် လေဘေး

"ရောဂါမျိုးစုံ မဝင်နိုင်အောင် အချိန်နဲ့အမျှ ဆောင်ရွက်ပေးနေပါတယ်"
ဒေါက်တာကြူခိုင်
တွံတေးမြို့နယ်ဆရာဝန်။

"အဝတ်အထည်တွေပါ ရရှိပါတယ်"
မချောစုလှိုင်
ရွက်ဖျင်တဲအမှတ်(၁၅)၌
နေထိုင်သူ။

ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ ကယ်ဆယ်ရေး စခန်းအတွင်း နေထိုင်ကြသည့် လေဘေးသင့်ဒေသခံများအား တွေ့ဆုံ မေးမြန်းခဲ့မှုကို ဖော်ပြလိုက်ရပါသည်။

ကယ်ဆယ်ရေးစခန်းအတွင်း ရောက်သည်နှင့် သုံးရေများ ပေးဝေနေသည့် တွံတေးမြို့နယ် အရန်မီးသတ် တပ်ခွဲမှူး ဦးစောစံဝေနှင့် တွေ့ဆုံမေးမြန်းရာ **"ဒီကယ်ဆယ်ရေး စခန်းမှာ သောက်သုံးရေဖူလုံဖို့အတွက် ၂၄နာရီ အချိန်ပြည့် တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ သုံးရေတွေကို ကျန်းမာရေးက သုနာပြုဆရာမတွေကလိုရင်း ဆေးခတ်ပေးပါတယ်။ သောက်သုံးရေတွေ လုံလုံလောက်လောက် ဖြန့်ဖြူးပေးနေပါတယ်"** ဟု ဦးစောစံဝေက ပြောကြားသည်။ မော်တော်ကားလမ်းကို မျက်နှာမူ တည်ဆောက်ထားသော ကယ်ဆယ်ရေး ရွက်ဖျင်တဲများက အစီအရီရှိနေသည်။

ကယ်ဆယ်ရေး စခန်းအတွင်း ကျန်းမာရေးဆေးခန်း၊ ဖျော်ဖြေရေး ဗီဒီယိုရုံနှင့်သန့်ရှင်းရေးအတွက်အိမ်သာအသစ်များ တည်ဆောက်ထားမှုကိုလည်းစနစ်တကျတွေ့ရသည်။ရွက်ဖျင်တဲ တစ်လုံးစီရှေ့ဘက်တွင် လီတာ၂၀ ဝင်ရေသန့်ဘူးများ အစီအရီ တွေ့ရသည်။

ထို့နောက်ရွက်ဖျင်တဲအမှတ်(၁၅) အတွင်း နေထိုင်သူ မချောစုလှိုင်နှင့် တွေ့ဆုံမေးမြန်းရာ **"ကျွန်မကတွံတေးမြို့ ကျုံးကြီးရပ်ကွက်မှာ နေထိုင်ပါတယ်။ မုန်တိုင်းဒဏ်ကြောင့် အိမ်ပြိုသွားပါတယ်။ ရရှိတဲ့ ပစ္စည်းတွေကတော့ ဆန်၊ကြက်သွန်၊အဝတ်အထည်တွေရရှိပါတယ်။ လာလှူတဲ့ စေတနာရှင်တွေကိုယ်တိုင် ပစ္စည်းလာလှူရင်လဲ ကျွန်မတို့ ရရှိပါတယ်"** ဟု ပြောကြားသည်။ ရွက်ဖျင်တဲအတွင်း ဝင်ကြည့်ရာ ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများကို တွေ့ရသည်။

ဆက်လက်ပြီး ရွက်ဖျင်တဲများအတွင်း နေထိုင်နေကြသော မိသားစုများအနက် အချို့ ထမင်းစားနေကြသလို တချို့လည်း နားနားနေနေ နေထိုင်လျက်ရှိသည်ကို တွေ့ရသည်။

"သောက်သုံးရေတွေ လုံလုံလောက်လောက် ဖြန့်ဖြူးပေးနေပါတယ်"
ဦးစောစံဝေ
တွံတေးမြို့နယ်
အရန်မီးသတ်တပ်ခွဲမှူး။

ရွက်ဖျင်တဲအမှတ် (၇)၌ နေထိုင်သူ ကိုသန်းဦးနှင့် တွေ့ဆုံမေးမြန်းရာ **"ကျွန်တော်က တွံတေးမြို့ ဘုရင့်နောင်ရပ်ကွက်မှာ နေထိုင်ပါတယ်။ မုန်တိုင်းဒဏ် ခံရတာကတော့ အိမ်ပြိုသွားတယ်။ ဒါကြောင့်ကယ်ဆယ်ရေးစခန်းကို ရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဒီကယ်ဆယ်ရေးစခန်းမှာ ထောက်ပံ့တဲ့ ပစ္စည်းတွေဖြစ်တဲ့ ခြင်ထောင်၊ စောင်၊ ရေပုံး၊ ရေခွက်၊ မီးသွေးမီးဖို၊ ဆန်၊ဆီ၊ ဆား၊ ပဲနဲ့ ဒန်အိုးတွေပါ ရရှိပါတယ်။ လှူဒါန်းတဲ့လူတွေရဲ့ မုန့်ထုပ်နဲ့ အဝတ်အထည်တွေလဲ ရရှိတာမို့ လောလောဆယ် အဆင်ပြေပါတယ်"** ဟူ၍ ပြောကြားသည်။

"ထောက်ပံ့တဲ့ ပစ္စည်းတွေ ရရှိပါတယ်"
ကိုသန်းဦး
ရွက်ဖျင်တဲအမှတ်(၇)၌
နေထိုင်သူ။

တစ်ဖန် ရွက်ဖျင်တဲအမှတ်(၁၄)၌ နေထိုင်သူမနုနုဆွေနှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ **"ကျွန်မက တွံတေးမြို့ ရွှေဆံတော် ၂လမ်းမှာ နေထိုင်ပါတယ်။ အဲဒီညကမုန်တိုင်းမိပြီး ကျွန်မတို့အိမ်ပျက်စီးသွားပါတယ်။ဒါကြောင့် အခုလို ကယ်ဆယ်ရေးစခန်းကိုရောက်ရှိခြင်း ဖြစ်ပါတယ်။ ဒီစခန်းမှာ ရေသန့်၊ ခေါက်ဆွဲ၊ ပန်းကန်ပြား၊ စောင်နဲ့ခြင်ထောင်တွေ ရရှိပါတယ်။**

"စောင်နဲ့ ခြင်ထောင်တွေ ရရှိပါတယ်"
မနုနုဆွေ
ရွက်ဖျင်တဲအမှတ်(၁၄)၌
နေထိုင်သူ။

ဆန်ပေးတာကြောင့် ကိုယ်တိုင်ချက်ပြုတ်လို့ရပါတယ်။ အခု ရှိနေတာက ကျွန်မတို့မိသားစုတွေပါ။ ကျယ်ကျယ်ဝန်းဝန်း အိပ်လို့ရပါတယ်။ ချက်ပြုတ်စားသောက်ရတာလဲ အဆင်ပြေပါတယ်" ဟု ဖြေကြားသည်။

ကွင်းဆင်းမေးမြန်းရေးသားသူ	-	မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	-	တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	-	ထိန်လင်း

အများဆုံးတွေ့ရှိရတာကလဲ သာမန်ဖျားနာမှုတွေပါပဲ။

ဒေါက်တာကြူခိုင်

သောက်သုံးရေ ဖူလုံဖို့အတွက် ၂၄နာရီ အချိန်ပြည့် တာဝန်ယူ ဆောင်ရွက်နေပါတယ်။

ဦးစောစံဝေ

စေတနာရှင်တွေကိုယ်တိုင် ပစ္စည်းလာလှူရင်လဲ ကျွန်မတို့ ရရှိပါတယ်။

မချောစုလှိုင်

ခြင်ထောင်၊ စောင်၊ ရေပုံး၊ ရေခွက်၊ မီးသွေးမီးဖို၊ ဆန်၊ ဆီ၊ ဆား၊ ပဲနဲ့ ဒန်အိုးတွေပါ ရရှိနေပါတယ်။

ကိုသန်းဦး

ကျယ်ကျယ်ဝန်းဝန်း အိပ်လို့ရပါတယ်။ ချက်ပြုတ်စားသောက်ရတာလဲ အဆင်ပြေတယ်။

မနုနုဆွေ

ကယ်ဆယ်ရေး စခန်းအတွင်း ရွက်ဖျင်တဲများကို တစ်လုံးချင်းလိုက်လံကြည့်ရှုရာ အားလုံး ညီညာသပ်ရပ်စွာတည်ရှိနေသည်။ အရွယ်အစားတူ၊ အရောင်တူများပင်ဖြစ်သည်။ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အချိန်ပြည့် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ သောက်ရေသန့်များကိုလည်း တစ်ရက်ခြား လဲလှယ်ပေးထားကြောင်း သိရသည်။

စေတနာရှင် ပြည်သူများ ကယ်ဆယ်ရေးစခန်းအတွင်း လာရောက် ဝေငှ ပေးနေသည်ကို ဤသို့တွေ့ခဲ့ရသည်။

ထို့နောက် ကယ်ဆယ်ရေးစခန်းအတွင်း တွံတေးမြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြူခိုင်နှင့်တွေ့ဆုံမေးမြန်းရာ **"ဒီကယ်ဆယ်ရေး စခန်းမှာ တစ်နေ့ လူနာ၄၀လောက် ဆေးဝါးကုသပေးနေရတယ်။ အခုအချိန်အထိ ကူးစက်ရောဂါနဲ့တခြားရောဂါမျိုးစုံ မဝင်နိုင်အောင် အချိန်နဲ့အမျှ ဆောင်ရွက်ပေးနေပါတယ်။ အများဆုံးတွေ့ရှိရတာကလဲ သာမန် ဖျားနာမှုတွေပါပဲ။ ဒါတွေပဲ ကုသပေးနေရတယ်"** ဟု ရှင်းပြသည်။

လေဘေးသင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ကုသပေးနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ကယ်ဆယ်ရေး စခန်းအတွင်း သန့်ရှင်းသပ်ရပ်အောင် ကြိုးစားနေသလို လာရောက်လှူဒါန်းသည့်ဆေးဝါးအလှူရှင်များအနေနဲ့လည်း ကိုယ်တတ်နိုင်သရွေ့ လက်ရောက်လှူဒါန်းနိုင်ပါတယ်ဟု ဆက်လက်ရှင်းပြသည်။ထို့ကြောင့် ကယ်ဆယ်ရေးစခန်းအတွင်း စေတနာရှင်များ စိတ်တိုင်းကျ ဝင်ရောက် လှူဒါန်းနိုင်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
တက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏ ပထမနှစ်ဝက် (Mid-term) စာမေးပွဲရက်ကြေညာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(MAEU)တို့၏ ပထမနှစ်ဝက်(Mid-term) စာမေးပွဲကိုလည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်များ၏ M.I.S.C/D.C.S.C ပထမနှစ်ဝက် (Mid-term) စာမေးပွဲကိုလည်းကောင်း **၂-၆-၂၀၀၈ရက်(တနင်္လာနေ့)**တွင် စတင်ကျင်းပမည်ဖြစ်သည်။

၂။ အသေးစိတ် အချက်အလက်များကို သက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံများနှင့် စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၂၀၊၄၀၄၀၁၉၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(MAEU) ဖုန်း-၀၆၄-၃၅၂၄၁၊ ၃၅၂၄၂၊ ၀၉-၅၁-၈၉၅၁၈နှင့် ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၆၇-၄၀၄၁၈၃၊ ၀၁-၆၆၁၇၁၃၊ ၆၆၁၇၁၄၊ ၆၆၅၆၈၆တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။**

HAPPY WORLD

အမြန်ပြန်လာပါ

သား မောင်စည်သူအောင် ၁၂/မဂတ(နိုင်)၀၈၂၄၄၉ အမြန်ပြန်လာပါ။ သားစိတ်တိုင်းကျဖြစ်စေရပါမည်။ အပါနဲ့အမေအပေါ် သားနားလည်ပေးပါ။ သားစိတ်ချမ်းသာစေရမည်။ ဖြားယောင်းသွေးဆောင်သူများအား ထိရောက်စွာ အရေးယူမည်။ သတင်းပေးသူအား ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

အပါနှင့်အမေ
ဖုန်း-၃၇၂၆၃၇။

U Kyi Soe Thaung M.A. (English), Dip ELTM
(University of Medicine)

IELTS Foundation-Preparation Intensive Course
For the exams that will be held in 2008 (Oct, Nov & Dec)
9:00 → 10:30 am (Wed, Thu, Fri)

G.C.E. ('O'LEVEL) Preparation Course
For the exam that will be held on 5th Jan 2009
3:00 → 4:30 pm (Wed, Thu, Fri)

PYINNYA YWAR EDUCATION CENTRE
No.89, Mingalar Street, Sanchaung Township, Yangon.
☎ - 09 517 4462 , 09 505 5412 , 09 504 5424

Myanmar Ocean Win မှ
သင်္ဘောသားမိသားစုများ ဆက်သွယ်ရန်

Myanmar Ocean Win Services Co.,Ltd ၏ စီမံခန့်ခွဲမှုဖြင့် Ocean Tankers (PTE.), Ltd. Singapore နှင့် Unix Line Pte. Ltd. Singapore ပိုင် သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားများ၏ မိသားစုများသည် မကြာခင်ကတိုက်ခတ်သွားသော မုန်တိုင်းကြောင့် အိမ်နှင့်မိသားစုများ ထိခိုက်ပျက်စီးမှုရှိပါက Myanmar Ocean Win Service Co.,Ltd ရုံးချုပ်သို့ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်၍ သတင်းပို့ အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်း- ၁၂/က၊ သီရိမင်္ဂလာလမ်း၊ ၈ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ ဖုန်း-၉၅-၁-၅၂၄၃၈၅၊ ၉၅-၁-၅၀၁၃၄၁၊ ၉၅-၉-၅၁၀၄၀၁၃၊ ၉၅-၉-၅၀၀၈၀၅၄၃၊ Fax No -၉၅-၁-၅၂၇၃၉၁၊
e:mail: oceanwin@myanmar. com.mm

အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီ

B.L.M Academy မှ
E.P.S စနစ်အရ K.L.T စာမေးပွဲဖြေဆိုမည့်သူများအတွက် အထူးသီးသန့် သင်တန်းကို ၂၀-၅-၂၀၀၈ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
အမှတ်ပြည့်အောင်မြင်ခြင်းဖြင့် အလုပ်ကောင်းရရှိလိုသူများကို **B.L.M Academy** မှ ကြိုဆိုပါသည်။
(1:30PM to 3:00PM) Mon to Fri (5 days/wk)
အသေးစိတ်သိလိုပါက-အမှတ် ၁/၆၊ ဒုတိယထပ်၊ စံပယ်လမ်း၊ ယုဇနပလာဇာ အနောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၂၉၉၂၇၄၊ ၀၉-၅၁-၄၆၈၂၃၊ ၀၉-၅၁-၄၇၉၅၉၊ ၀၉-၅၁-၃၁၇၄၀။

လေဘေးသင့် ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ်ခံရသည့်ဒေသများရှိပြည်သူများအတွက် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များမှ စားအုန်းဆီကိုယ်စားလှယ်များနှင့် ကုန်စိမ်းသီးနှံပုဂ္ဂလိကလုပ်ငန်းရှင်များက အဝတ်အထည်၊ ခြင်ထောင်၊ စောင်၊ လူသုံးကုန်ပစ္စည်းနှင့် ပန်းကန်၊ ဇလုံ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း၁၀၀ဖိုးကို ရန်ကုန်မြို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

အဖ ဦးကျော်ကျော်၏ သမီး အမက ရွှေတောင်မော်မှ ဒေါ်ခင်မျိုးအေးအား ဒေါ်နွယ်နွယ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ဒေါ်နွယ်နွယ်ခိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မကြည်ကြည်အေး၏ မှတ်ပုံတင် ၅/ကလထ(နိုင်)၁၁၀၅၆၆ မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၅၅၄၁၀၀၊ လိုင်းခွဲ-၂၅၀။

သင့်သွေးဖြင့် အသက်ကယ်ပါ

Peachtree 2008
Account Care Group

လေဘေးသင့် ဒေသများသို့ တိုင်းရင်းဆေးဝါးများ လှူဒါန်း

ရန်ကုန် မေ ၁၇

မုန်တိုင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)သို့ အလှူရှင်များမှ ဆေးဝါးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ရုံးခန်း၌ ကျင်းပရာ အသင်းဗဟိုဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ တက်ရောက်ပြီး တိုင်းရင်းဆေးဝါးများကို လက်ခံယူသည်။

အဆိုပါအလှူရှင်များမှာ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး)မိသားစုက ဆေးခုနစ်မျိုးအတွက် ဆေးပိဿာချိန် ၅၀၀၊ ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး)ထုတ်လုပ်ရေးက ဆေးခုနစ်မျိုးအတွက် ဆေးပိဿာချိန် ၅၀၀၊ဦးဇော်ဝင်း-ဒေါက်တာဒေါ်မေတင်မောင်(ဟံသာအေး ဆေးတိုက်)မိသားစုက ဆေးပိဿာချိန် ၄၀၊ နန်းဝင်းပတ္တမြား မိသားစုက ဆေးပိဿာချိန်၃၅ ပိဿာ၊ ဦးကြည်မိသားစုက ဆေးပိဿာချိန် ၁၀ပိဿာ၊သုခသီတာဆေးတိုက် မိသားစုက ဆေးပိဿာချိန် ၁၀ ပိဿာ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ ဆရာကြီးဦးမောင်ဉာဏ်**(အပေါ်ပုံ)**က လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(က-ပ)**

ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက ဆေးဝါးများပေးပို့ လှူဒါန်း

ရန်ကုန် မေ ၁၇

မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများအတွက် ဘရူနိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများက ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ တစ်ဆင့် ပေးပို့လှူဒါန်းသည့် ဆေးဝါးမျိုးစုံ စုစုပေါင်း ၂၃၇ထုပ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ မေ၁၇ရက်တွင် ပေးပို့လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ (၅)၊ အမှတ် (၁၀)ထွက်ပြီ

ရန်ကုန် မေ ၁၇

စံကားပန်းတို့ ဖူးပွင့်ကြသည့် ပြိဿရာသီ ကဆုန်လ၏ ညောင်ရေသွန်းပွဲတော်အမီ ကျေးလက်နေ တောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ (၅)၊ အမှတ် (၁၀)ကို မေ ၁၅ရက်က ထုတ်ဝေလိုက်သည်။**(ဝဲပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် လယ်သမား အားထားရမည့် တောင်ယာစပါး၊ နွေစပါး တစ်ဧကတင်းရာကျော်ထွက်နေတဲ့ သဝန်းတောကျေးရွာ၊ စပါးပင်များ ပိုးမွှားရောဂါကျရောက်လျှင်၊ အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးသစ်များ၊ သုံးသူနှစ်သက် အမြတ်ထွက်ဝူးလုံရွှေလက်ဖက်၊ ပျဉ်းမပွင့်နှင့် မိုးလေဝသ၊ နဂါးမောက်သီးပင် အောင်မြင်ဖြစ်ထွန်းစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ သတိပြုစရာ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ နို့စားနွားမွေးမြူရေးနှင့် မွေးမြူရေးဆိုင်ရာ စီမံခန့်ခွဲမှုစသည့် မွေးမြူရေး ဆောင်းပါးများ၊ ဆေးဖက်ဝင် ချဉ်ပေါင်ပင်၊ ဆေးလိပ်အန္တရာယ်စသည့် ကျန်းမာရေးဆောင်းပါးများ၊ ဗုဒ္ဓစာပေ၏ ကျေးဇူး၊ အာရုတိုက်သားတွေတော်ရဲ့လား၊ နှလုံးလှစာကြည့်တိုက်မှူး၊ သဘာဝတရားကြီးမှာရှိတဲ့ သဘာဝအရာတွေအားလုံး သူ့ပုံစံနဲ့သူ လှနေတာပဲ၊ ကျေးလက်မီးလင်းရေး အထောက်အကူပြုသည့် မမြရေလှောင်တမံ၊ နေလှန်းဆား ထုတ်လုပ်ပုံအဆင့်ဆင့်စသည့် အသိပညာပေး ဆောင်းပါးများနှင့် တို့လယ်သမားရဲ့နံနက်ခင်း ဝတ္ထုတိုတို့ အပြင် ပုံပြင်၊ ဟာသ၊ ကဗျာ၊ ကာတွန်း၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၅-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သတ္တသတ္တာဟ စံနေတော်မူခန်း
၈း၀၀ ၅။ The Smiling of Angker
၈း၄၅ ၆။ International News

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ မြန်မာဗီဒီယိုဇာတ်လမ်း **သည်းခြေကြိုက်** (အပိုင်း-၂) လူမင်း၊ နန္ဒာလှိုင် ဒါရိုက်တာ- ကျော်ဇောလင်း (အတွေးပုံရိပ်)
၁၂း၃၀ ၅။ တေးဂီတအစီအစဉ်
၁၂း၅၀ ၆။ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၁၄း၃၀ ၇။ တေးဂီတအစီအစဉ်
၁၄း၄၅ ၈။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၃၀ ၃။ တေးဂီတအစီအစဉ်
၅း၀၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၅။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ တေးဂီတအစီအစဉ်
၇း၀၀ ၉။ တေးဂီတအစီအစဉ်
၇း၂၀ ၁၀။ ရှုဖွယ်စုံညီ မြန်မာပြည်
၇း၃၀ ၁၁။ တေးဂီတအစီအစဉ်
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၂၂)

ဧရာဝတီတိုင်းအတွင်းရှိလေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဧရာဝတီတိုင်းကျန်းမာရေးဦးစီးဌာနက လေဘေးသင့် ပြည်သူများအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် အဖွဲ့များဖွဲ့စည်းထားသည့် ကျန်းမာရေးဝန်ထမ်းများသည် လပွတ္တာ၊ ငပုတော၊ ဖျာပုံနှင့် ဘိုကလေး မြို့နယ်များအတွင်းသို့လှည့်၍ လေဘေးသင့်ပြည်သူများအား နေ့စဉ်ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လူလိုက်ပါသော အာကာသယာဉ် ဥရောပအာကာသအေဂျင်စီ လွှတ်တင်မည်

အီဆာ မေ ၁၇

အာကာသသို့ လူလိုက်ပါနိုင်သော အာကာသယာဉ်(အပေါ်ပုံ)ကို ဥရောပအာကာသအေဂျင်စီအီးအေဒီအက်စ်က လွှတ်တင်နိုင်မည့်အစီအစဉ်ကို ကြေညာလိုက်သည်။

ဥရောပအာကာသအေဂျင်စီက လွှတ်တင်မည့် ကုန်တင်အာကာသယာဉ်သည် အာကာသယာဉ်မှူးများကိုလည်း နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်ပေးနိုင်မည်ဟုဆိုသည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့သာလျှင် အာကာသသို့ လူလိုက်ပါသည့် အာကာသယာဉ် လွှတ်တင်နိုင်သည်။ ဥရောပတွင် လွှတ်တင်နိုင်ခြင်း မရှိသေးဟုဆိုသည်။

ကြိုးပမ်း

ယခုအခါ ဥရောပအာကာသ အေဂျင်စီနှင့်ဂျာမန်အာကာသအေဂျင်စီတို့က ၂၀၁၇ခုနှစ်တွင် အာကာသသို့ လူလိုက်ပါသော အာကာသယာဉ် လွှတ်တင်သွားရန် ကြိုးပမ်းလျက်ရှိသည်။

ဥရောပအာကာသ အေဂျင်စီသည် ဧပြီလက နိုင်ငံတကာအာကာသစခန်းသို့ လူလိုက်ပါခြင်းမရှိသော ကုန်တင်အာကာသယာဉ်ကို လွှတ်တင်ထားသည်။ ယင်းအာကာသယာဉ်ကို အဆင့်မြှင့်တင်၍ လူသုံးဦးလိုက်ပါနိုင်သော အာကာသယာဉ်ကို တည်ဆောက်ရန် ဥရောပအာကာသ အေဂျင်စီက ကြိုးပမ်းလျက်ရှိသည်။ (အင်တာနက်)

အာကာသသိပ္ပံ

အဲဘတ်(စ်)စူပါဂျမ်ဘို လေယာဉ်ကြီးများ ထုတ်လုပ်မှု မူလသတ်မှတ်အချိန်ထက်ပို၍ ကြာဦးမည်

ဘာရစ္စတော မေ ၁၇

ဥရောပ၏ အကြီးဆုံးလေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သော အဲဘတ်(စ်)က ခရီးသည်အများအပြား တင်ဆောင်နိုင်သည့် အေ ၃၈၀ စူပါဂျမ်ဘိုလေယာဉ်ကြီးများ (အောက်ပုံ) ထုတ်လုပ်မှုမှာ အချိန်ပို၍ ကြာဦးမည်ဖြစ်ကြောင်း လေကြောင်းလိုင်းများသို့ သတိပေးပြောကြားလိုက်သည်။

ယင်းလေယာဉ်များ ထုတ်လုပ်ရန် အချိန်ပို၍ ကြာဦးမည် ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အတွင်း အရောက်ပို့ရေး မှာယူထားသော လေကြောင်းလိုင်းများသို့ မူလပေးပို့ရန်စီစဉ်ထားသည့် အချိန်ထက် ကြာဦးမည်ဖြစ်ကြောင်း အဲဘတ်(စ်)က ပြောကြားသည်။

အဲဘတ်(စ်)အေ ၃၈၀ လေယာဉ်များကို လေကြောင်းလိုင်းများက မှာယူထားသည့် ကာလအတိုင်း ထုတ်လုပ်ပေးနိုင်မှု ကြန့်ကြာနေရခြင်းမှာ ဝိုင်ယာကြိုးစနစ်များ ပြဿနာရှိနေခြင်းကြောင့်ဖြစ်ကြောင်း အဲဘတ်(စ်)က ပြောကြားသည်။

ထုတ်လုပ်

အဲဘတ်(စ်)ကုမ္ပဏီသည် အီးအေဒီအက်စ် လေယာဉ်ထုတ်လုပ်ရေး အုပ်စု၏ အစိတ်အပိုင်း ဖြစ်သည်။

အဲဘတ်(စ်)က ယခုနှစ်တွင် အေ၃၈၀ လေယာဉ်၁၃စင်း ထုတ်လုပ်ရန်မျှော်မှန်းထားရာမှ ၁၂စင်းကိုသာ ထုတ်လုပ်သွားမည်ဟု ဆိုသည်။

ဆောင်ရွက်

၂၀၀၉ခုနှစ်အထိ အေ-၃၈၀ လေယာဉ် ၂၅ စင်း ထုတ်လုပ်ပေးရန် စီစဉ်ထားရာမှ ၂၁ စင်းအထိသာ ထုတ်လုပ်နိုင်တော့မည်ဟုဆိုသည်။ ယင်းလေယာဉ် အမျိုးအစားဖြင့် ပထမဆုံးအကြိမ် ခရီးသည်များအား ဝန်ဆောင်မှုပေးခြင်းကို ပြီးခဲ့သည့်နှစ်က စင်ကာပူလေကြောင်းလိုင်းမှ စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းလေယာဉ်များ၏ တောင်ပံများကို ဝေလမြောက်ပိုင်း ဘရော့တန်နှင့်ဘာရစ္စတောရှိဖီလ်တန်မြို့တို့၌ လေယာဉ်တောင်ပံများ ထုတ်လုပ်လျက်ရှိသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

လောင်စာဆီနှစ်မျိုးသုံးပရီရှပ်ကား စီးရေတစ်သန်းမြောက် တိုယိုတာရောင်းချ

တိုကျို မေ ၁၇

ဂျပန်နိုင်ငံရှိ တိုယိုတာမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီက ဓာတ်ဆီနှင့် အီလက်ထရွန်နစ် လောင်စာနှစ်မျိုး အသုံးပြုမောင်းနှင်နိုင်သော ပရီရှပ်ကား **(အပေါ်ပုံ)**များ ဈေးကွက်သို့ ၁၁နှစ်ကြာ တင်ပို့ရောင်းချခဲ့ပြီးနောက် တစ်သန်းမြောက် ပရီရှပ် ကားကို ရောင်းချလိုက်ပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီက ကြေညာသည်။

ကြေညာ

ဧပြီလကုန်ပိုင်းအထိ ပရီရှပ်ကားများ ရောင်းချလာခဲ့ရာ ကမ္ဘာ့တစ်ဝန်း ရောင်းချရမှုမှာ စီးရေ၁၀၂၈၀၀၀ရှိကြောင်း ယင်းတို့အနက် ကားစီးရေထက်ဝက်ကျော်မှာ မြောက်အမေရိက၌ ရောင်းချခဲ့ရခြင်း ဖြစ်ကြောင်း ကုမ္ပဏီကကြေညာသည်။

ထိုကဲ့သို့ လောင်စာနှစ်မျိုးသုံးကားကို နှစ်စဉ်တစ်သန်းအထိ ထုတ်လုပ်ရောင်းချသွားရန် ရည်ရွယ်ထားကြောင်း၊သို့သော်လည်း၂၀၁၀ပြည့်နှစ်အထိဖြစ်လာလိမ့်မည်မဟုတ်ကြောင်း တိုယိုတာကုမ္ပဏီက ပြောကြားသည်။**(အင်တာနက်)**

မြန်မာ့အလင်း **နိုင်ငံတကာ မှုခင်းဖြစ်ရပ်**

ရည်မှန်းချက်ပန်းတိုင် မရောက်မီမှာပင်...

ဗြိတိန်နိုင်ငံ၏ မြို့တော်လန်ဒန်မြို့ အရှေ့ပိုင်း လေတန်စတုန်းအရပ်တွင် အသက် ၁၄ နှစ်အရွယ်ရှိ ပေါလ်အီဟာဟွန်သည် မိဘနှစ်ပါးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ပြီး အလယ်တန်းပညာကို သင်ယူလျက်ရှိသည်။ သူ၏ ရည်မှန်းချက်မှာ ပညာရေးတွင် ထူးချွန်ထက်မြက်ပြီး ဆရာဝန်တစ်ဦးဖြစ်လာရန်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် သူသည် ပညာရေးကိုသာ တစိုက်မတ်မတ် လေ့လာသင်ယူနေလျက်ရှိသည်။ မိဘများမှာ ကုန်သည်များဖြစ်ပြီး စီးပွားရေးကောင်းမွန်ကာ ဓနဥစ္စာတောင့်တင်းသူများဖြစ်သဖြင့် သူ၏ပညာရေးခရီးမှာ ဖြောင့်တန်းနေသည်။ အီဟာဟွန်သည် စာကြိုးစားပြီး ပညာရေးတွင် ထူးချွန်ထက်မြက်ကာ သူ၏ရည်မှန်းချက်ပန်းတိုင်မှာလည်း လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ပေါလ်အီဟာဟွန်

ရောက်ရှိ

ပေါလ်အီဟာဟွန်သည် သူ၏ပညာရေးအတွက် စိတ်တိုင်းကျသော်လည်း စိတ်နှောက်အယှက်တစ်ခုဝင်ခဲ့သည်။ ယင်းမှာ အခြားမဟုတ်ပေ။ သူနေထိုင်ရာ လေတန်စတုန်းအရပ်တွင် အသက် ၂၀ ဝန်းကျင် ဆယ်ကျော်သက် ဆိုးသွမ်းလူငယ်များ အုပ်စုဖွဲ့ကာ ညမှောင်ချိန်တွင် လမ်းသွားလမ်းလာများအား လုယက်တိုက်ခိုက်နေသောကြောင့် ဖြစ်သည်။ အီဟာဟွန်အနေဖြင့် သူ၏ပညာရေးကို အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်ကာ ညမှောင်သည်နှင့် အပြင်သို့ လုံးဝမထွက်တော့ဘဲ ကျောင်းစာကိုသာ တစိုက်မတ်မတ် ဖိဖိစီးစီး ကြိုးစား ကျက်မှတ်လေ့ရှိသည်။ ဆိုးသွမ်းလူငယ်များ၏ တိုက်ခိုက်မှုကိုခံရလျှင် ပြင်းထန်စွာ ဒဏ်ရာရရှိနိုင်သကဲ့သို့ အသက်လည်း ဆုံးရှုံးနိုင်သည်ကို စိုးရိမ်မိသောကြောင့် ဖြစ်သည်။ သို့သော်လည်း သူစိုးရိမ်သော ထိုအခြင်းအရာသည် သူသတိလက်လွတ်ဖြစ်သွားမိသော တစ်နေ့တွင်ပင် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ကာ သူရည်မှန်းသော ပညာရေး ရည်မှန်းချက်ပန်းတိုင်အား ရာသက်ပန် ကျောခိုင်းခဲ့ရသော အခြေအနေသို့ ရောက်ရှိခဲ့သည်။

ယူဆောင်

၂၀၀၈ ခုနှစ် ဧပြီလ၏ နေ့တစ်နေ့တွင်မှု နေမကောင်းသဖြင့် ခွင့်တစ်ရက်ယူခဲ့ရသည်။ ထိုနေ့ညနေတွင်မှု ကျန်းမာရေး ထူထူထောင်ထောင်ဖြစ်လာပြီးနောက် သူငယ်ချင်းထံ စာသွားကူးလိုကြောင်း မိဘများအား ခွင့်တောင်းခဲ့သည်။ မိဘများက နာလန်ထခါစ အီဟာဟွန်အား မိုးချုပ်ခါနီးပြီ ဖြစ်သဖြင့် အပြင်သို့မထွက်ရန် တားခဲ့သော်လည်း နောက်ဆုံးတွင် ပညာရေးလောဘကြီးသည့်သားဖြစ်သူ၏ဆန္ဒကို လိုက်လျောကာ ခွင့်ပြုခဲ့ရသည်။ အီဟာဟွန်ကလည်း မိတ်ဆွေ၏ စာအုပ်ကိုယူကာ ချက်ချင်းပြန်လာမည်ဟု ကတိပေးပြီး အပြင်သို့ထွက်ခဲ့သည်။ သူလမ်းတွင် အခက်အခဲဖြစ်ပါက အိမ်နှင့်ဆက်သွယ်ရန် လက်ကိုင်ဖုန်းကိုလည်း သူနှင့်တစ်ပါးတည်း ယူဆောင်ခဲ့သည်။

ယူကျုံးမရဖြစ်

အီဟာဟွန်သည် ညအမှောင်ထဲတွင် တစ်ယောက်တည်း သွားနေရင်း သူ၏အိမ်နှင့် ခပ်လှမ်းလှမ်းသို့ရောက်မှ သူစိုးရိမ်သော ဆိုးသွမ်းလူငယ်အဖွဲ့၏ အန္တရာယ်ကို စဉ်းစားမိချိန်မှာပင် ယင်းအဖွဲ့နှင့်ပက်ပင်းတိုးမိတော့သည်။ သူ့အတွက် ရှောင်တိမ်းချိန်မရလိုက်တော့သကဲ့သို့ အိမ်သို့ဆက်သွယ်ရန်လည်း မလွယ်တော့ပေ။ သို့သော်လည်း လက်ကိုင်ဖုန်းမှ မှတ်တမ်းတင်ကင်မရာခလုတ်ကို ဖွင့်ထားခဲ့သည်။ ယင်းအဖွဲ့သည် အားလုံးငါးယောက်ရှိပြီး ခေါင်းစွပ် ကုတ်အင်္ကျီများကိုယ်စီဝတ်ဆင်ပြီး မျက်နှာဖုံးများစွပ်ထားကာ လက်ထဲတွင် ဘေ့စ်ဘောရိုက်တံများ၊ ဓားမြှောင်များ၊ ဓားရှည်များနှင့် ချိန်းကြိုးများ ကိုင်ဆောင်ထားသည်။ သူ့အား ရန်မပြုရန် အနူးအညွတ် တောင်းပန်ခဲ့သော်လည်း ယင်းအုပ်စုမှတစ်ဦးကသူ့အား ဓားမြှောင်ဖြင့် ရင်ဝသို့ ထိုးလိုက်တော့သည်။ အီဟာဟွန်သည် ရှောင်ချိန်မရဘဲ လဲကျကာ မကြာမီမှာပင် သေဆုံးသွားခဲ့တော့သည်။ ဓားချက်က သူ၏အသည်းကို စိုက်ဝင်ကာသေဆုံးခဲ့ခြင်း ဖြစ်သည်။ မိဘနှစ်ပါးမှာ ယူကျုံးမရ ဖြစ်ခဲ့ရသည်။

အမိန့်ချမှတ်

ယင်း လူငယ်ဂိုဏ်း အဖွဲ့က အီဟာဟွန်၏လက်ကိုင်ဖုန်းကိုယူဆောင်သွားရာမှ ၎င်းတို့အား သက်ဆိုင်ရာက ခြေရာခံမိကာ ယင်းဖုန်းမှရိုက်ကူးထားသော မှတ်တမ်းများအရ လူငယ်ငါးဦးကို ဖမ်းမိခဲ့သည်။ မေလ ၉ ရက်တွင် တရားရုံးက လူသတ်မှုကျူးလွန်သူ အသက် ၁၆ နှစ်ရှိ ပေါလ်ဘင်ဖီးနှင့် အသက် ၁၅ နှစ်ရှိ ကီဗင်အဒူမာဆက်တို့အား တစ်သက်တစ်ကျွန်းထောင်ဒဏ်ကို ၁၃နှစ်အထိ လျှော့ရက်မရှိ ကျခံစေခဲ့ပြီး အသက် ၁၆ နှစ်ရှိ နာသန်ဒက်စနီယက်အား ထောင်ဒဏ် ၁၂ နှစ်၊ အသက် ၁၉ နှစ်အရွယ်ရှိ သီအိုဒိုင်ယာအား ထောင်ဒဏ် ၇ နှစ်၊ အားပေးကူညီသူပေါ်လ်ဘင်ဖီး၏သူငယ်ချင်းအသက် ၁၈ နှစ်ရှိ စကော့တေလာအား ခြောက်နှစ်ခွဲ ချမှတ်ခဲ့သည်။ လန်ဒန်အနောက်ပိုင်းမှ ကော့ဒ်ဂျိုယန်ဂါအား သတ်သူများနှင့် တစ်နေ့တည်းအမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ကြွေလွင့်

ပညာရေး လောဘကြီးမှုကြောင့် အန္တရာယ်ကို သတိမမူမိတော့ဘဲ သွားလာခဲ့ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသော ပေါလ်အီဟာဟွန်၏ ရည်မှန်းချက်ပန်းတိုင် မရောက်မီမှာပင် ကြွေလွင့်ခဲ့ရသောအဖြစ်ကိုသင်ခန်းစာယူဖွယ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဘဝအမောပြေ

သတ္တိရှိလိုက်ပုံက....

ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းများ လုံးဝကြည့်ဖူးခြင်းမရှိသည့် မဟုတ်မခံစိတ်ရှိသော မစ္စတာစမစ်ဒွန်းအမည်ရှိ အသက်၆၅နှစ်အရွယ် အမျိုးသားကြီးကို သူ၏တူဖြစ်သူက မြို့သို့အလည်အပတ်ခေါ်လာပြီးရုပ်ရှင်ပြလေသည်။

မစ္စတာစမစ် ။ ။ ရုပ်ရှင်ရုံက ကောင်းလိုက်တာကွာ။

တူဖြစ်သူ ။ ။ ဒီမြို့မှာတော့ အကောင်းဆုံးပေါ့။

ထို့နောက် ရုပ်ရှင်ပြလေရာ လူမိုက်တစ်ဦးက ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ပြီး လူများကိုထိုးကြိတ်ကာ ပစ္စည်းများအား ရိုက်ချိုး ဖျက်ဆီးနေသည့် အခန်းရောက်သော.....

မစ္စတာစမစ် ။ ။ ဒီလူတော်တော်ရမ်းကားတဲ့လူပဲ။

တူဖြစ်သူ ။ ။ ဟုတ်တယ်။ ပီပြင်တယ်။

မစ္စတာစမစ် ။ ။ ဒီလူ့ကိုတားဆီးမယ့်လူလည်းမရှိဘူး။

တူဖြစ်သူ ။ ။ ဒီလိုပါပဲ.....

ထိုအချိန်၌ လူမိုက်ကဆိုင်ရှင်ဖြစ်သူကို ထုထောင်းရိုက်နှက်နေသည့် အခန်းရောက်သော် မစ္စတာစမစ် ဒေါသထွက်လျက်ရှိသည်။

မစ္စတာစမစ် ။ ။ တောက်.....တော်တော်လွန်တဲ့သူပဲ။

တူဖြစ်သူ ။ ။ ဟုတ်ကဲ့။

ထိုအချိန်တွင် လူမိုက်က သတ္တိရှိတဲ့လူထွက်ခဲ့ဟု စိန်ခေါ်နေရာ မစ္စတာစမစ်က ရုတ်တရက်မတ်တတ်ရပ်လိုက်ပြီး အော်လိုက်သည်မှာ.....

မစ္စတာစမစ် ။ ။ "ဟောဒီမှာ.... စမစ်ဒွန်းရှိတယ်ဟေ့... ငါလာပြီ"

တူဖြစ်သူ ။ ။ "**ဟောဗျာ**"

မဟာအောင်မြေမြို့နယ် ရွှေတချောင်းမြောင်း ရေထိန်းနံရံပြုပြင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် သန့်ရှင်းရေး ဆောင်ရွက်

မန္တလေး မေ ၁၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ မေ၂ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် ၈၆လမ်း၊ ၃၇လမ်းမှ ၄၁လမ်းအထိ ရွှေတချောင်းမြောင်း ရေထိန်းနံရံပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ၄၁လမ်းမှ ကပ်ကျော်ရေဆိုးထုတ်စက်ရုံအထိ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။(ဓါတ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၈၆လမ်း၊ ၃၇လမ်းမှ ၄၁လမ်းအထိ ရွှေတချောင်းမြောင်း ရေထိန်းနံရံပြုပြင် ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနခွဲမှူး(အင်ဂျင်နီယာ)ဒေါ်ခင်မေငွေနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သန့်ရှင်းရေးဌာနမှ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၄၁လမ်းမှ ကပ်ကျော်ရေဆိုးထုတ်စက်ရုံအထိ ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန် သန့်ရှင်းရေးဌာန ဌာနမှူး ဦးတင်ထွဋ်ကျော်နှင့် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၃၁၃)

ကုန်းဇောင်းမြို့ အထကကျောင်းသား ကျောင်းသူများ အာစရိယပူဇော်

ကုန်းဇောင်း မေ ၈

မင်းဘူးခရိုင် ကုန်းဇောင်းမြို့ အထကကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ၂၉ရက် မွန်းလွဲ၁နာရီက သာသနာ့ဗိမာန်၌ ကျင်းပရာ တက်ရောက်လာကြသည့် ရပ်ဝေးရပ်နီးအငြိမ်းစား ဆရာဆရာမကြီးများအား ရပ်ဝေးရပ်နီး ကျောင်းသား ကျောင်းသူဟောင်းကြီးများက ကန်တော့ကြသည်။ (အောက်ဓါတ်ပုံ)

အာစရိယပူဇော်ပွဲ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးနှင့် ဒေါ်လှလှမြင့်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ကုန်းဇောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်သူက အဖွင့်စကားပြောကြားသည်။ ပူဇော်ပွဲကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လှက ကန်တော့ရခြင်း ရည်ရွယ်ချက်နှင့် အတွင်းရေးမှူး ဦးကျော်ဝင်းက ရသုံးငွေစာရင်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးသိန်းဝင်း(မကွေး)၊ ဦးဝင်းနိုင်(ရန်ကုန်)၊ စာရေးဆရာမဂျူး (ဒေါက်တာတင်တင်ဝင်း-ရေနံချောင်း) တို့က ကန်တော့ဂါရဝပြုရခြင်းကို ရှင်းလင်းတင်ပြကြပြီး ဦးဆန်းလင်း(နေပြည်တော်) တိုင်ပေးသော ကန်တော့ချိုးကို ရွတ်ဆိုကာ လက်အုပ်ချီကန်တော့ကြ၍ ငွေကျပ် ၃၅၀၀၀ နှင့် ပဝါတစ်ထည်စီကို ဆရာဆရာမကြီးတို့အား ပေးအပ်လှူဒါန်းကြသည်။ အငြိမ်းစား တိုင်းပညာရေးမှူး ဦးတင်မြင့်မင်းနှင့် ဆရာ ဆရာမကြီးများက ဆုပေးသြဝါဒ ပြောကြားသည်။ အဆိုပါ ဆရာဆရာမကြီး ၅၄ဦးတို့အား ငွေကျပ် ၂၉သိန်းကျော်ဖြင့် ကန်တော့ကြောင်းသိရသည်။ (က-ပ)

မကွေးမြို့၌ ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ဖွင့်

မကွေး မေ ၁၀

မကွေးတိုင်း ၂၀၀၈ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို မေ ၂ရက်က တိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၈ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အမျိုးသား ငှက်ဖျားရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား သဝဏ်လွှာကို မကွေးတိုင်း အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာလှဲလှဲမူသိန်းက ဖတ်ကြားပြီး ငှက်ဖျားအန္တရာယ်၊ နေရာအနှံ့တို့ကာကွယ် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်ဆိုင်းဘုတ်မှ လမ်းဘေး ဝဲ/ယာ တစ်လျှောက် ချုံနွယ်များ ရှင်းလင်းနေမှုကို မေ ၃ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးပြည့်ထွန်းတို့ ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေး ဟောပြော

နေပြည်တော်ပျဉ်းမနား မေ ၁၀

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေး ဟောပြောပွဲကို မေ၄ရက်မွန်းလွဲ၁နာရီက နေပြည်တော် ပျဉ်းမနား အထက(၁) ရတနာမွန်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဇွန်မောင်မောင်နှင့် ကဗျာဆရာ အယ်ဒီတာမောင်လွမ်းနွယ် (အောင်လံ)တို့က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနှင့်အသုံးဝင်ပုံ၊ အစားထိုးလောင်စာဆီ အသုံးပြုပုံနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ (ဝ၉၃)

သက်ကြီးပူဇော်ပွဲ မြင်းမူမြို့၌ကျင်းပ

မြင်းမူ မေ ၈

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်မြို့မိမြို့ဖ ဦးဉာဏ်ရင်က နှစ်သစ်မင်္ဂလာစကားပြောကြားပြီး သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ တက်ရောက် အပူဇော်ခံသည့်သက်ကြီးအဘိုးအဘွားများ ကိုယ်စားအသက်(၁၀၉)နှစ်ရှိ အသက်အကြီးဆုံးအဘွား ဒေါ်ဘွားကြီးက ဆုံးမသြဝါဒစကား ပြောကြားပြီး သက်ကြီး အဘိုးအဘွား ၁၄၅ဦးအား တစ်ဦးလျှင် ဆေးဝါးနှင့် ပစ္စည်းများအပြင် ငွေကျပ် ၄၀၀၀နှုန်းလှူဒါန်းကြကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

သာစည်မြို့၌ အုတ်ရေမြောင်းပြုလုပ်

သာစည် မေ ၁၄

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကြည်ကြည်စိန်နှင့်အဖွဲ့သည် မြို့တွင်းလမ်းများ ပျက်စီးမှုမရှိစေရေးနှင့် ရေဆိုးထုတ်မြောင်းများ ကောင်းမွန်ရန်အတွက် အုတ်ရေမြောင်းများ ပြုလုပ်လျက်ရှိရာ ဧပြီ၂၀ရက်က အမှတ်(၄)ရပ်ကွက် မြို့မဈေးကြီးလမ်းဘေးရှိ ရေဆိုးထုတ်မြောင်းများနေရာတွင် အုတ်ရေမြောင်းများအဖြစ် အစားထိုးပြုလုပ်ကြကြောင်း သိရသည်။ (ဝ၉၄)

ကျောက်မဲမြို့၌ အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်

ကျောက်မဲ မေ ၁၂

ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အခြေခံယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ၂၄ရက်က ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက ကျောင်းသား ကျောင်းသူလေးများကို တိုင်းတစ်ပါးယဉ်ကျေးမှု အတုယူမမှားစေရန်နှင့် မြန်မာ့ယဉ်ကျေးမှုကို စောင့်ထိန်းပြီး ဗုဒ္ဓအဆုံးအမနှင့်အညီ လိမ္မာယဉ်ကျေးသည့် လူကောင်းလူမွန်လေးများဖြစ်စေရန် ဆုံးမသြဝါဒ စကားပြောကြားသည်။**(ယာပုံ)**

သင်တန်းသို့ အခြေခံပညာ ကျောင်းများမှ ကျောင်းသားကျောင်းသူ ၄၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ၃၀ရက်အထိဖြစ်ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ယဉ်ကျေးမှုသင်တန်း နွားထိုးကြီး၌ဖွင့်

နွားထိုးကြီး မေ ၃

နွားထိုးကြီး ထန်းငါယ်တောဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း၏ နွေရာသီ ယဉ်ကျေးမှုသင်တန်းကို ဧပြီ ၁၉ရက်က ထန်းငါယ်တောကျောင်း၌ ကျင်းပရာ ထန်းငါယ်တောကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇဝန္တက သြဝါဒကထာ မြွက်ကြား၍သင်တန်းကို ဖွင့်လှစ်ပေးသည်။သင်တန်းသို့ မြို့ပေါ်(၈) ရပ်ကွက်နှင့် ဝန်းကျင်ရွာများမှ လူငယ်၊ လူရွယ်၊ ကျောင်းသားကျောင်းသူ၃၀၀ကျော် တက်ရောက်ပြီး သင်တန်းမှာ ၄၅ရက်ကြာမည်ဖြစ်ကြောင်း သိရသည်။ (ဝ၉၂)

မော်လမြိုင် ဆံတော်ရှင်ဦးဇိနစေတီ၌ ပုံတူရုပ်လုံး ထုရန်ပန္နက်တင်

မော်လမြိုင် မေ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ဆံတော်ရှင်ဦးဇိနစေတီတော် ပရိဝုဏ် အင်္ဂါထောင့်၌ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရာမညဒေသသို့ ဒေသစာရီကြွချီတော်မူလာစဉ် ဇိနရသေ့အား ဆံတော်ခုနစ်ဆူ ပေးသနားတော်မူသည့် ပုံတူရုပ်လုံး ထုလုပ်တည်ထားရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲတို့ကို ဧပြီ၂၉ရက်က အဆိုပါ အင်္ဂါထောင့်၌ကျင်းပရာ ဆံတော်ရှင်ဦးဇိနစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် ရွှေပရိယတ္တိစာသင်တိုက် ပဓာန နာယက ဘဒ္ဒန္တပညာဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပုံတူရုပ်လုံး တည်ထားမည့်နေရာတွင် ဩဝါဒဆရာတော်များနှင့် ဂေါပကအဖွဲ့ဝင်များ ပန္နက်တင်ပေးကြသည်။

ထို့နောက် ပုံတူရုပ်လုံးတည်ထားရန် မော်လမြိုင်မြို့ မြိုင်သာယာရပ် အင်ကြင်းမြိုင်စားသောက်ဆိုင်မှ ဦးခင်စိုး-ဒေါ်ဖြူဖြူရွှေမိသားစုတို့က အလှူငွေကျပ်ကိုးသိန်းခြောက်သောင်းကို ဦးစီးနာယက မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ရုံး တိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်ထံလည်းကောင်း၊ ပုံတူရုပ်လုံး တည်ထားရာတွင် ပါဝင်မည့် ဆက်စပ်ပစ္စည်းနှင့် ဗုဒ္ဓဝင်ပန်းချီကားများအတွက် ကုန်ကျငွေများကို ဦးစိန်မြင့်-ဒေါ်အေးအေးချို မိသားစုတို့က ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၀၁၄)

ပလင်းတန်
ပွဲ့ဖြိုးပို့
တအုပ်စာပေ
လေ့လာစို့

မြန်မာလူငယ်နှစ်ဦး ကမ္ဘာ့အမှတ်အများဆုံးဆုရရှိ

ရန်ကုန် မေ ၁၇

အင်္ဂလန်နိုင်ငံမှ စစ်ဆေးသော ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ABE ဒီပလိုမာ စာမေးပွဲတွင် ဖြေဆိုသူပေါင်း ၆၂၂၅ဦးအနက် မြန်မာနိုင်ငံမှ လူငယ်နှစ်ဦးသည် ဘာသာရပ်နှစ်ခု၌ အမှတ်အများဆုံး ရရှိကြောင်း သိရသည်။

MHR သင်တန်းကျောင်းမှ ကျောင်းသူမမေမြတ်ဖြူစင်သည် System Analysis & Design ဘာသာရပ်တွင် ကမ္ဘာ့အမှတ်အများဆုံးဆုရရှိပြီး MHR သင်တန်းကျောင်းမှ မောင်အောင်ဖြိုးကျော်သည် Principles of Marketing ဘာသာရပ်တွင် ကမ္ဘာ့အမှတ်အများဆုံးဆုကို ရရှိသဖြင့် ဆုချီးမြှင့်ပွဲ ကို ဧပြီ၂၆ရက် မွန်းလွဲ ၁နာရီက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ABE(UK)အဖွဲ့၏ Founder Chairman Mr.Lyndon Jones တက်ရောက်၍ ဆုချီးမြှင့်သည်။ (ဓါတ်ပုံ) (က-ပ)

ရဟန်းခံရှင်ပြု

ကျောက်မဲခရိုင် နမ့်လန်မြို့တွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စံမြင့်ဦးနှင့် ဇနီး ဒေါ်ခင်သူတို့အား အမှူးထား၍ နယ်မြေခံတပ်မှ ရဟန်းလောင်း ၅၇ပါး စုပေါင်းရဟန်းခံ ရှင်ပြုပွဲ အခမ်းအနားကို ဧပြီ ၁၃ရက်က နမ့်လန် မဇ္ဈိမာရာမ စာသင်တိုက်ကျောင်း၌ ကျင်းပစဉ်။ (က-ပ)

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့်လက်ရာများ ဖိတ်ခေါ်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၈ခုနှစ် ဇွန်လ ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ ပိုစတာပြိုင်ပွဲအတွက် စာမူနှင့်လက်ရာများကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ-

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၈ခုနှစ် ဇွန်လ ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ-

(က) တန်ဖိုးရှိလှ လူငယ်ဘဝ၊ မူးယစ်ကင်းစင်ကျန်းမာမှု

(ခ) မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

(ဂ) ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ

(ဃ) အမှိုက်ကစ ပြာသာဒ်မီးလောင် မူးယစ်ဆေးကို ဝေးဝေးရှောင်

(၂) **ဝတ္ထုတို** ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀အတွင်းဖြစ်သည်။

(၃) **ဆောင်းပါး**ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀အတွင်းဖြစ်သည်။

(၄) **တေးသီချင်း**ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း(သို့မဟုတ်)အဖွဲ့နှင့်သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွား သီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာ တင်ပြပုံဦးတည်ချက် မှန်ကန်၍ စကားလုံးကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းအား ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်း တစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Masterသို့ CD Masterနှင့်အတူ စာသားကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

(၅) **ကဗျာ** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့် ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင်သပ်ရပ်စွာရေး၍ မူရင်း၊မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀မှ ၁၀၀အတွင်းရှိရမည်။

(၆) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ**ပြိုင်ပွဲနှင့် ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃၊၄)တန်း၊ အလယ်တန်းအဆင့်(၅၊၆၊၇၊၈)တန်းနှင့် အထက်တန်း ပညာအဆင့် (၉၊၁၀)တန်း အပါအဝင် အသက်၁၅နှစ်မှ၂၅နှစ်အထိ ယှဉ်ပြိုင်ခွင့်ပြုသည်။ အသက်အထောက်ထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ**ပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင်(၁၀×၁၄)လက်မ အရွယ် ဆေးရောင်စုံ ဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်းမပြုရ၊ နဂ္ဂတစ်(သို့)စလိုက်(သို့) ဒီဂျစ်တယ်ပုံဖြစ်ပါက EXIFData အပြည့်အစုံပါသော Original Raw File (သို့) 300 dpi Resolution ရှိ 10" × 14" အရွယ် Tiff File CD-R ဖြင့်ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့်အထူးဆုနှစ်ဆုအထိသာခံစားခွင့်ရှိသည်။(မှတ်ချက်။ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဘူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသား လက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။

(၈) **ကွန်ပျူတာပန်းချီ**ပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက်(၈၊၉၊၁၀)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက်(၅၊၆၊၇)တန်း ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, photoshop, Clarif office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)

(ခ) ရေးဆွဲချိန် နှစ်နာရီသတ်မှတ်ရန်၊

(ဂ) လေဆာဓာတ်ပြား CDဖြင့်ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

(၉) ကွန်ပျူတာဒီဂျစ်တယ်ပိုစတာပြိုင်ပွဲအား ပြည်နယ်/တိုင်းများတွင် အသက် ၁၅နှစ်အထက် အလွတ်တန်း တစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင်တစ်ပုံသာ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာဒီဂျစ်တယ် ပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ပြတိုက်(ရန်ကုန်)သို့ပေးပို့ရပါမည်။

(၁၀) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့်ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင် တစ်ဦးလျှင် တစ်ပုံသာပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်/တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်/တိုင်းများအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးထွန်းဝေ၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင်၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ လက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့မှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၂၃-၅-၂၀၀၈ရက်အရောက်

(ခ) ပန်းချီ၊ ကာတွန်း၊ ပိုစတာ ၂၅-၅-၂၀၀၈ရက်အရောက်
ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ

(ဂ) တေးသီချင်း ၂၃-၅-၂၀၀၈ရက်အရောက်

(၁၅) စာမူတေးသီချင်း လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့်လက်ရာများကို ၂၀၀၈ခုနှစ် ဇွန်လ ၁၈ရက်နေ့တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့်တတိယဆု ရသူများကို မူးယစ်ဗဟိုသို့ဖိတ်ခေါ်ပြီး ၂၀၀၈ခုနှစ် ဇွန်လ၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည် ဖြစ်သည်။

(၁၆) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

(၁၇) မှတ်ချက်။ မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲရိုက်ကူးမှုကိုမဆို လွတ်လပ်စွာပြုလုပ်နိုင်ကြပါသည်။ ပြည်နယ်/တိုင်းများအနေဖြင့် ပြိုင်ပွဲအားလုံး၌ ပါဝင်ယှဉ်ပြိုင်သည့် လက်ရာအားလုံးကို မူးယစ်ဗဟိုရွေးချယ်ရေးအဖွဲ့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မှုပြီးစီး လေဘေးသင့်သူများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဦးစားပေးလုပ်ကိုင်လျက်ရှိ ကယ်ဆယ်ရေးစခန်းများ၌ရောက်ရှိနေသူများ ဆန္ဒအရ နေရပ်ပြန်လိုက ပြန်သွားနိုင်ရေးစီစဉ်

နေပြည်တော် မေ ၁၇

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် လပွတ္တာမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ်သည် လပွတ္တာမြို့သို့ ရောက်ရှိလေ့လာနေကြသည့် ရန်ကုန်မြို့နှင့် ပြည်ပနိုင်ငံများရှိ သံရုံးများမှ သံတမန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လပွတ္တာမြို့ ဘုရင့်နောင်ရိပ်သာ၌ လပွတ္တာမြို့နယ် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်မြို့မှတစ်ဆင့် ရောက်ရှိလာသော ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းထားသည့်ပစ္စည်းများကို ရှေ့တန်းကယ်ဆယ်ရေးစခန်းများသို့ အမြန်ဆုံးရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးပြီး ဖြန့်ဝေပေးမှု အခြေအနေ၊ လေဘေးသင့်ပြည်သူများ၏ စားရေး၊ နေရေးကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးမှု ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ ကျောင်းများနှင့် ရုံးဌာနအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်မှုများကို ရှင်းလင်းတင်ပြသည်။

စားသောက်ဖွယ်များပေးအပ်

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် ကလေးငယ်များအား စားသောက်ဖွယ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက တိုင်းအတွင်းရှိ မြို့၊ ရွာများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တယ်လီဖုန်းများပေးအပ်

ထို့နောက် ဝန်ကြီးချုပ်သည် လပွတ္တာမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဆက်သွယ်အသုံးပြုရန်အတွက် CDMA-450 စနစ်သုံး တယ်လီဖုန်းများကို ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်ထံ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဆက်သွယ်မှု လျင်မြန်စွာရရှိရေးအတွက် ဆောင်ရွက်ပေးသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများနှင့် အဖွဲ့အား ဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မက်စ်(မြန်မာ)ကုမ္ပဏီမှ ဦးဇော်ဇော်က လပွတ္တာမြို့ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထပ်မံမှာကြားသည်။

နှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ဆေးရုံအဆောက်အအုံအမိုး ပြန်လည်ပြုပြင် အမိုးမိုးပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ နေပြည်တော်နှင့် ရန်ကုန်မြို့မှ လာရောက်ဆေးကုသပေးနေသည့် ဆရာဝန်များ၊ မြို့နယ်ဆရာဝန်နှင့် တာဝန်ရှိသူများအား နှုတ်ဆက်အားပေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

ထမင်းနှင့်ဟင်းများ ကိုယ်တိုင်ကျွေးမွေး

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ထမင်းနှင့် ဟင်းများကို ကလေးငယ်များအား ကိုယ်တိုင်ကျွေးမွေးအားပေးစဉ်။ (သတင်းစဉ်)